ကြေးမုံ

The Mirror

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (30-8-2006) (၅၀၆၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဗန်းမော်–မြစ်ကြီးနားလမ်း တိုးချဲ့ပြုပြင်မှုကြည့်ရှု ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်ကျော်လွန်အောင် စိုက်ပျိုးရေး၊ ရော်ဘာပင်များကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဗလမင်းထင်တံတားမှ ဧရာဝတီမြစ်၏ ရေစီးဆင်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မာဒေးကား ချန်ပီယံ မြန်မာ

ဩဂုတ် ၂၉ ရက်က ကျင်းပသည့် မာဒေးကားဖလား **ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ယူပြီးနောက် ဆုဖလားကြီးနှင့်အတူ အောင်ပွဲခံနေသော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသားများကို တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

သတင်းအပြည့်အစုံ–စာမျက်နှာ(၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

30-8)01.P65 1 3/24/05, 12:54 PM

ကြေးမုံ The Mirror

၃၀-၈-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် နှလုံးသွေးကြောပိတ်ဆို့မှု ဆက်နွယ်

ဆေးလိပ်သောက်ခြင်းသည် ကိုယ်တိုင်သောက်သုံးနေသူများကိုသာမက ဆေးလိပ်သောက်သူများက ဖွာထုတ်လိုက်သော ဆေးလိပ်မီးခိုးငွေ့အား ရှုရှိုက်မိသူများကိုပါ အန္တရာယ်ကျရောက်စေနိုင်သည်။

ဆေးလိပ်သောက်သူများအနေဖြင့် အဆုတ်ကင်ဆာဖြစ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်း စသည့် ရောဂါဝေဒနာများဖြစ်ပေါ်စေနိုင်သည်။ ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးကို ပါးစပ်ထဲတွင် ငုံခြင်းတို့ကြောင့် အဆိပ်ဖြစ်စေတတ်သော ဓာတ်များသည် ပါးစပ်၊ လျှာ၊ လည်ပင်းရိုး၊ အစာမျိုပြွန်ဝ၊ လေမျိုပြွန်၊ အဆုတ်စသည့် နေရာများသို့ ရောက်ရှိသွားပြီး ကင်ဆာရောဂါဖြစ်စေနိုင်ကြောင်း ဆေးပညာဆိုင်ရာ သုတေသနပြုချက်များအရ သိရှိရသည်။

ကနေဒါနိုင်ငံ သိပ္ပံပညာရှင်များအဖွဲ့က နိုင်ငံပေါင်း ၅၂ နိုင်ငံမှ လူပေါင်း ၂၇၀၀၀ ကျော်၏ ရောဂါမှတ်တမ်းများကို အခြေခံ၍ လေ့လာခဲ့ကြရာ ဆေးလိပ်သောက် ခြင်းဖြင့် နှလုံးသွေးကြောပိတ်ဆို့မှုနှုန်းကို သုံးဆ၊ ဆေးရွက်ကြီးဝါးခြင်း (ကွမ်းစားခြင်း) ကြောင့် နှစ်ဆခန့် မြင့်တက်စေနိုင်ပြီး ဆေးလိပ်၊ ဆေးရွက်ကြီး နှစ်မျိုးစလုံးသောက်သုံးသူများသည် နှလုံးပိတ်ဆို့မှုဖြစ်ပွားနိုင်ခြေ လေးဆထက် ပိုမိုနိုင်သည်ဟု ဖော်ပြထားသည်။

ထိုအပြင် ရက်သတ္တတစ်ပတ်လျှင် ဆေးလိပ်မီးခိုးငွေ့ ခုနစ်နာရီခန့် ရှုရှိုက်မိပါက နှလုံးသွေးကြောပိတ်ဆို့မှု ဖြစ်ပွားနိုင်ခြေ ၂၄ ရာခိုင်နှုန်း၊ တစ်ပတ်လျှင် ၂၁ နာရီ ရှုရှိုက်နေရပါက ၆၂ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်ကြောင်း သိရသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးကို မည်သည့်ပုံစံဖြင့် သုံးစွဲသည်ဖြစ်စေ အဆုတ်ကင်ဆာဖြစ်မှု၊ နှလုံးသွေးကြောပိတ်ဆို့မှုတို့နှင့် ဆက်နွယ်မှုရှိနေသည်။ ဆေးလိပ်ငွေ့အန္တရာယ်ကင်းဝေးစေရေးအတွက် အများပြည်သူ စီးနင်းသွားလာနေသည့် ယာဉ်များ၊ ပြည်သူ့ဆေးရုံ၊ အားကစားကွင်းများ၊ သင်ကြားရေးအဆောက်အအုံများ၊ ကုန်တိုက်များနှင့် ရုပ်ရှင်ရုံများတွင် ဆေးလိပ်သောက်ခြင်းများကို ကြပ်မတ်တားဆီး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့အပြင် ပြည်သူများကလည်း ကျန်းမာရေးအသိရှိရှိဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုများမှ အလေးထားရှောင်ကြဉ်ကြခြင်းဖြင့် သက်ရှည်ကျန်းမာရေးကို အထောက်အကူပြုသွားနိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်အတွက် သမီးကြီး ဒေါက်တာရည်ရည်ခိုင် ကွယ်လွန်သည့် နှစ်နှစ်ပြည့်နေ့ကို ရည်စူး၍ ပဲခူးတိုင်းအနောက်ခြမ်း ပြည်ခရိုင် ပေါက်ခေါင်းမြို့ အမှတ်(၄)ရပ်ကွက်နေ ဖခင် ဦးသိန်းခိုင် မိခင် ဒေါ်မြင့်ကြည် မိသားစုက အလှူတော်ငွေကျပ် ၂၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အနောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၆ ခုနှစ် ရန်ကုန်အနောက်ပိုင်းခရိုင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်အနောက်ပိုင်း ခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ စမ်းမာလာဆိုင်းဝိုင်းနှင့်တွဲဖက်၍ ကျောင်းသူလေးများ၏ အပျိုတော်အက၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ လသာရတနာ သံစုံတီးဝိုင်းနှင့် တွဲဖက်၍ ရွှေတံဆိပ်ဆုရှင် ကျောင်းသူများက "အောင်စေ ပိုင်စေ"သီချင်းအက၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာထက်တန်းကျောင်းမှ ရွှေတံဆိပ် ငါးဆုရှင် မအိအိလှိုင်၏ "လူချွန်လူကောင်း"သီချင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ရွှေတံဆိပ်ဆုရှင် ကျောင်းသူလေးများက ရွှေတံဆိပ် ၁၅ ဆုရှင် ဖိုးလပြည့်၏ အတီးဖြင့် တွဲဖက်၍ "ပန်းရည်ဘဏ်တိုက်" သီချင်းအက၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ရွှေတံဆိပ် လေးဆုရှင် မောင်လင်းထက်ဦးနှင့် အဖွဲ့က "သံစုံဂီတတေးအလှ"၊ "ရှမ်းသီချင်း"၊ "အလှကမ္ဘာမြေ" တေးသီချင်းများ၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ရွှေတံဆိပ်ဆုရှင်ကျောင်းသား၊ ကျောင်းသူလေးများ၏ "ထပ်တစ်ရာလမ်း" သီချင်းအက၊ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဝင့်ထက်ခင်ဦးဆောင်သည့် စောင်းအဖွဲ့၏ တီးခတ်မှုနှင့် ရွှေတံဆိပ်ဆုရှင်ကျောင်းသူလေးများက "ရတနာပုံ" သီချင်းနှင့် ရွှေတံဆိပ် ၁၅ ဆုရှင် ဖိုးလပြည့်၏ ဆိုင်းလက်သံတို့ဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းတို့ကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၆ ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ရန်ကုန်အနောက်ပိုင်း ခရိုင်မှ ပညာရှင်အဆင့် ၂၇ဦး၊ ဝါသနာရှင်အဆင့် ၉၀ စုစုပေါင်း အနုပညာရှင် ၁၁၇ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

၂၀၀၆ခုနှစ် (၁၅)ကြိမ်မြောက် ကာကွယ်ရေး ဝန်ကြီးဌာနထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၆ရက် ညနေ ၃နာရီတွင် မန္တလေးတိုင်း မိတ္ထီလာမြို့ခရိုင် အားကစားကွင်း၌ ကျင်းပရာ ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းငွေ၊ ဒုတိယ ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလှငွေနှင့် ဦးစီးအရာရှိကြီးများ၊ တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာအသင်းလိုက်ပထမဆုနှင့် ဒုတိယဆုရရှိသော အသင်းများ၊ နေရာအလိုက် အကောင်းဆုံးရရှိသော အားကစားသမားများနှင့် အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုရရှိသော အသင်းတို့အား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုရရှိသော အသင်းအား ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းငွေးက တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၅ ၉။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၀။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံယောဇဉ်" (အပိုင်း-၁၂)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟောဝန်က သိုင်းလုလင်" (ဒုတိယတွဲ) (အပိုင်း-၂၀)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

သားသမီးအပေါ်မေတ္တာထား ပိုလီယိုကာကွယ်ဆေးဖြင့်ရောဂါတား

ဒေါက်တာ သန်းထိန်ဝင်း
(စီမံချက်မန်နေဂျာ)

မြန်မာနိုင်ငံဟာ ပိုလီယိုအကြော သေရောဂါဆိုးကြီးကို အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့ပြီးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ပိုလီယိုအကြောသေ ရောဂါဆိုးကြီးကို ကမ္ဘာ့မြေပေါ်မှ အပြီးအပိုင်မောင်းထုတ်ဖို့အတွက် ၁၉၈၈ခုနှစ်မှာ ကျင်းပခဲ့တဲ့ World Health Assembly မှ စတင်ဆုံးဖြတ်၍ ဆွေးနွေးပေးခဲ့ရာ **"ပိုလီယို ကင်းစင်၊ ကမ္ဘာတစ်ခွင်၊ သက္ကရာဇ် ၂၀၀၀တွင်"** ဟူသော ဆောင်ပုဒ်နှင့်အညီ ရည်မှန်းချက်ပန်းတိုင်ထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုရည်မှန်းချက်ထားပြီး တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့တာမို့ ပိုလီယိုရောဂါ ပပျောက်ရေးရဲ့ အဓိကကျတဲ့ နည်းဗျူဟာ (၄)ရပ်စလုံးကို မြန်မာနိုင်ငံမှာ တစ်ပြိုင်နက်တည်း ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ပိုလီယိုရောဂါဆိုးကြီးကို မြန်မာ့မြေပေါ်မှ အပြီးတိုင် မောင်းထုတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

ပိုလီယိုအကြောသေရောဂါဟာ ပိုလီယိုဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်စေတဲ့ ခြေလက်စတဲ့ ကိုယ်အင်္ဂါကိုအကြောသေစေသော ရောဂါတစ်မျိုး ဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်မှာ အမျိုးအစား အမှတ်(၁)၊(၂)နဲ့(၃)ဆိုပြီး သုံးမျိုးရှိပါတယ်။ ပိုလီယို အကြောသေရောဂါပပျောက်ဖို့ဆိုရင် ဒီဗိုင်းရပ်စ်ပိုး သုံးမျိုးစလုံးကို ကမ္ဘာ့မြေပေါ်မှ အပြီးတိုင် အမြစ်ပြုတ်အောင် တိုက်ဖျက်ပစ်ဖို့လိုပါတယ်။ ပိုလီယို အကြောသေရောဂါကိုဖြစ်စေတဲ့ ပိုလီယိုဗိုင်းရပ် အရိုင်းပိုးဟာ လူရဲ့ခန္ဓာကိုယ်ထဲကို မသန့်ရှင်းသောလက်၊ မသန့်ရှင်းသော အစားအစာစသည်တို့မှ တစ်ဆင့် ပါးစပ်ထဲသို့ရောက်ရှိကာ လူရဲ့အူထဲမှာ ပွားများလာခြင်းဖြင့် ရောဂါဖြစ်စေပါတယ်။ ရောဂါစတင်ဖြစ်ပွားစမှာ အဖျားအနည်းငယ်ရှိခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အန်ခြင်း၊ ဇက်ကြောတက်ခြင်းနှင့် ခြေလက်နာကျင်ကိုက်ခဲခြင်း စသည့် လက္ခဏာများပြတတ်ပါတယ်။ လူရဲ့အာရုံကြောအဖွဲ့အစည်းကို ဝင်ရောက်ပြီး ခြေလက်အကြောသေခြင်း ဖြစ်တတ်ပါတယ်။ အချို့မှာတော့ မူလဖျားနာခြင်းလက္ခဏာနဲ့ပဲ ပျောက်သွားတတ်တာလည်း ရှိပါတယ်။ ရောဂါပိုးဝင်သူ ၂၀၀ မှာ တစ်ယောက်နှုန်းခန့် ခြေလက်မသန်မစွမ်း အကြောသေရောဂါဖြစ်ပွားတတ်ပြီး ရာသက်ပန်လူစဉ်မမီတဲ့ဘဝ ရောက်တတ်တဲ့ ရောဂါဆိုး ဖြစ်ပါတယ်။ ပိုလီယိုရောဂါဟာ အထူးသဖြင့် အသက်(၃)နှစ်အောက် ကလေးတွေမှာ အဖြစ်များလေ့ရှိပြီး တစ်ခါဖြစ်ပွားပြီးရင် ပျောက်အောင် ကုသလို့မရနိုင်ပါ။ ကာကွယ်ရန်သာ ဆေးရှိပါတယ်။ ဒီလို ကာကွယ်နိုင်တဲ့ ဆေးဟာလည်း ပိုလီယိုအရိုင်းပိုးကို အာနိသင်လျော့ပါးအောင် ပြုပြင်ထားတဲ့ **"ပိုလီယိုအယဉ်ပိုးအရှင်မှ ပြုလုပ်ထားတဲ့ ပိုလီယိုကာကွယ်ဆေး"**ပဲဖြစ်ပါတယ်။ ဒီကာကွယ်ဆေးနှစ်စက်ကို တစ်လခြားပြီး ကလေးရဲ့အသက် (၁)နှစ်မပြည့်ခင် သုံးကြိမ်တိုက်ကျွေးနိုင်ခဲ့ရင် ကာကွယ်နိုင်ပါပြီ။ ဒီအစွမ်းနဲ့ပဲ ပိုလီယို အကြောသေရောဂါကို ၎င်းရဲ့ကူးစက်မှု သံသရာမှဖြတ်တောက်ပြီး **"ပိုလီယိုကင်းစင်တဲ့ ကမ္ဘာ"** ဘဝ ရောက်စေမှာ ဖြစ်ပါတယ်။

ကမ္ဘာမြေပေါ်မှ ပိုလီယိုရောဂါ ဆိုးကြီးကို အပြီးတိုင်မောင်းထုတ်နိုင်ရန်အတွက် နည်းဗျူဟာလေးရပ် ချမှတ်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှစတင် ကျင့်သုံးအကောင်အထည်ဖော်ခဲ့ရာ ၁၁ နှစ် ကြာပြီးခဲ့သည့် ၁၉၉၉ ခုနှစ်တွင် ဒီ ရောဂါကြောင့် ဖြစ်ပွားသေဆုံးမှုကို ၉၀ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ပိုလီယို အရိုင်းပိုးနောက်ဆုံးတွေ့ရှိခဲ့ပြီး သုံးနှစ်ဆက်တိုက် ပြတ်တောက်နိုင်ခဲ့လို့ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှာ ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် ဒေသဆိုင်ရာ အသိအမှတ်ပြုကော်မတီမှ အသိအမှတ် ပြုခံခဲ့ရတယ်။ ၂၀၀၆ ခုနှစ် မေလ ၂၃ ရက်နေ့က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်မှ လက်တလော ပျော့ခွေအကြောသေရောဂါ ဝေဒနာရှင်တစ်ဦးရဲ့ ဝမ်းနမူနာကို ဓာတ်ခွဲ စစ်ဆေးချက်အရ Vaccined Drived Polio Virus (VDPV) ပိုးအမျိုးအစားကို တွေ့ရှိခဲ့ရပါတယ်။ ဒီပိုးအမျိုးအစားဟာ ပိုလီယိုအရိုင်းပိုးကဲ့သို့ ရောဂါဖြစ်ပွားစေနိုင်ပြီး ကူးစက်ပျံ့နှံ့မှုမြန်ဆန်သော ပိုးအမျိုးအစားဖြစ်တာမို့ မြန်မာနိုင်ငံရဲ့ ပိုလီယိုပိုးကင်းစင်ပြီးသော အခြေအနေမှ ရောဂါပြန်လည်ဖြစ်ပွားနိုင်မယ့် အခြေအနေ ပြန်လည်ဖြစ်ပေါ်စေနိုင်ပါတယ်။

ဒါကြောင့် ဒီပိုးအမျိုးအစား ပျံ့နှံ့မှုကို အချိန်မီထိန်းချုပ်နိုင်ဖို့ ဒီပိုးအမျိုးအစားရဲ့ ကူးစက်နိုင်ခြေရှိတဲ့ ပိုးတွေ့ရှိရာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်မှ မိုင် ၁၀၀ ပတ်လည်ရှိ ပြည်နယ်တိုင်း ငါးခုက မြို့နယ် ၈၀ ကိုရွေးချယ်ဖော်ထုတ်ပြီး ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ကျင်းပဖို့ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်တာ ဖြစ်ပါတယ်။

ဒီနေ့အထိ ပိုလီယိုအရိုင်းပိုး ဆက်လက်ပျံ့နှံ့နေဆဲဖြစ်တဲ့ အိန္ဒိယနိုင်ငံမှတစ်ကျော့ ပြန်လည်ဝင်ရောက်မှုကို ကာကွယ်ရန်အတွက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့မှာ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်မြို့နယ်များတွင် နှစ်ကြိမ် ဆက်တိုက် ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်ဆန်းပိုင်းမှာ ပိုလီယိုအရိုင်းပိုး တစ်ကျော့ပြန်ဝင်လာတဲ့ အင်ဒိုနီးရှားနိုင်ငံနှင့် ကူးလူးဆက်ဆံမှုရှိတဲ့ တနင်္သာရီတိုင်းမှာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီနှစ်အတွင်းမှာပဲ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်မှ ပိုလီယိုအရိုင်းပိုးကဲ့သို့ ကူးစက်မှုရှိသော ရောဂါပိုးရဲ့ ကူးစက်မှု အန္တရာယ်ရှိနေသော ပြည်နယ်နှင့် တိုင်းငါးခုမှ မြို့နယ် ပေါင်း ၈၀ မှာ လာမယ့် စက်တင်ဘာလ ၃ ရက်နေ့တွင် ပထမအကြိမ်နဲ့ အောက်တိုဘာလ ၁ ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ် ရည်မှန်း ငါးနှစ်အောက်ကလေးပေါင်း နှစ်သန်းကျော်ကို ရာခိုင်နှုန်းပြည့် တိုက်ကျွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပိုလီယို အကြောသေရောဂါ လုံးဝအမြစ်ပြတ်ပပျောက်မှုကို ဆက်လက်ထိန်းသိမ်း ထားနိုင်ဖို့အတွက် အသစ်ထပ်မံ မွေးဖွားလာသော အသက်တစ်နှစ်အောက် ကလေးငယ်များကို ပုံမှန် ပိုလီယိုကာကွယ်ဆေး သုံးကြိမ်တိုက်ကျွေးမှုရဲ့ လွှမ်းခြုံမှု ၉၀ ရာခိုင်နှုန်းနှင့်အထက် အမြဲရရှိဖို့လိုအပ်ပါတယ်။ ဒါမှပိုလီယိုကင်းစင်တဲ့ အခြေအနေကို ဆက်လက် ထိန်းသိမ်းသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုအောင်မြင်ဖို့ အတွက် ပြည်သူလူထု တစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် လိုအပ်ပါတယ်။

ဒုတိယအရေးကြီးတဲ့ နည်းဗျူဟာအနေနဲ့ ပိုလီယိုပပျောက်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့၊ အရိုင်းပိုးဝင်ရောက်မှုကို အချိန်မီသိရှိနိုင်ဖို့နဲ့ စနစ်တကျအရေးယူ ဆောင်ရွက်နိုင်ဖို့အတွက် ရောဂါထောက်လှမ်းရေး လုပ်ငန်းများဟာ အဓိကကျပါတယ်။ ဒါကြောင့် ပိုလီယိုရောဂါနဲ့ ဆင်တူတဲ့ အသက်(၁၅)နှစ်အောက် လက်တလောပျော့ခွေအကြောသေလူနာများတွေ့ရင် သက်ဆိုင်ရာ ကျန်းမာရေးဌာနကို အချိန်မီအကြောင်းကြားပေးဖို့ဟာလည်း အလွန်အရေးကြီးလှပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီကြဖို့လိုပါတယ်။

ပိုလီယိုအကြောသေရောဂါကို လုံးဝပပျောက်အောင် ဆောင်ရွက်နိုင်တဲ့ နည်းဗျူဟာ လေးရပ်ရှိပါတယ်။ ဒါတွေကတော့ (၁) ပုံမှန်ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း (၂) အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပခြင်း (၃) လတ်တလော ပျော့ခွေအကြောသေရောဂါ မျက်ခြည်မပြတ် စုံစမ်းထောက်လှမ်းခြင်းနဲ့(၄)အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းတို့ပဲ ဖြစ်ပါတယ်။

ပထမနည်းဗျူဟာဖြစ်တဲ့ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်းကတော့ ကလေးငယ်တစ်ဦးကို အသက် တစ်လခွဲမှစပြီး ပထမအကြိမ် စတိုက်ပါတယ်။ တစ်ကြိမ်နဲ့ တစ်ကြိမ် အနည်းဆုံးလေးပတ် သို့မဟုတ် တစ်လခြားပြီး တိုက်တာဖြစ်ပါတယ်။ ဒုတိယနှင့် တတိယ အကြိမ်အထိ သုံးကြိမ်ဆက်တိုက် တိုက်ကျွေးခြင်း ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို မြန်မာနိုင်ငံမှာ ၁၉၈၇ ခုနှစ် ကတည်းက စပြီးတိုက်လာခဲ့တာ ခုဆို ၁၉ နှစ်ရှိပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနည်းဗျူဟာတစ်ခုတည်းနဲ့ ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်အောင် ဆောင်ရွက်ရာမှာ မလုံလောက်ပါဘူး၊ မြန်မာနိုင်ငံမှာ ပုံမှန်ကာကွယ်ဆေးတိုက်လုပ်ငန်းကို တစ်နိုင်ငံလုံးလွှမ်းခြုံအောင် ဆောင်ရွက်နိုင်ပြီဖြစ်ပေမယ့် အကြောင်းကြောင်းကြောင့် ပိုလီယိုကာကွယ်ဆေးမတိုက်လိုက်ရတဲ့ ကလေးတွေဟာ ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းခန့် အမြဲကျန်နေတတ်တာကြောင့် ဖြစ်ပါတယ်။

ဒုတိယနည်းဗျူဟာအဖြစ် "အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပဆောင်ရွက်ခြင်း" ဖြစ်ပါတယ်။ ဒီနည်းဗျူဟာမှာ ပိုလီယိုကာကွယ်ဆေးကို အပိုဆောင်းနှစ်ကြိမ် တိုက်ကျွေးခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ငါးနှစ်အောက်ကလေးပေါင်း ၆ဒသမ ၂သန်းခန့်ကို နယ်စပ်ဒေသတွေနဲ့ ဝေးလံခက်ခဲသော မြို့နယ်များပါမကျန်၊ တစ်ယောက်မကျန် တိုက်ကျွေးရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခင်က ပိုလီယိုကာကွယ်ဆေးအကြိမ်မည်မျှတိုက်ပြီးခြင်းကို လုံးဝထည့်သွင်းမစဉ်းစားဘဲ အဲဒီနေ့မှာသေချာပေါက်တိုက်ဖြစ်အောင် တိုက်ကျွေးခြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၆ ခုနှစ်မှစတင်ပြီး ဆောင်ရွက်ခဲ့တာ အဋ္ဌမနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကာလအထိ ရှစ်နှစ်တိုင် ဆောင်ရွက်ခဲ့ပြီးပါပြီ။ နှစ်စဉ်ငါးနှစ်အောက်ကလေးပေါင်းရဲ့ ၉၅ ရာခိုင်နှုန်း အထက်ကို လွှမ်းခြုံတိုက်ကျွေးနိုင်ခဲ့ပါတယ်။

အထက်ပါ နည်းဗျူဟာနှစ်ခုကို ဆောင်ရွက်ခြင်းဖြင့် ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှု ပြတ်တောက်သော အဆင့်သို့ ရောက်မရောက်သိရှိနိုင်ဖို့အတွက် တတိယနည်းဗျူဟာဖြစ်တဲ့ လတ်တလော ပျော့ခွေအကြောသေရောဂါစု မျက်ခြည်မပြတ် စောင့်ကြည့်ထောက်လှမ်းခြင်း နည်းဗျူဟာကို ကျင့်သုံးရပါတယ်။ ဒီနည်းဗျူဟာကတော့ ကာကွယ်ဆေးတိုက်ကျွေးမှုတွေရဲ့ အမှန်တကယ် ထိရောက်မှုရှိ–မရှိကို စနစ်တကျတိုင်းတာပေးမယ့် နည်းစနစ်ဖြစ်တာမို့ ယနေ့တိုင် ဆက်လက်ကျင့်သုံးနေဆဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လတ်တလော ပျော့ခွေအကြောသေရောဂါ မျက်ခြည်မပြတ်လေ့လာ စူးစမ်းမှုအရ ၁၉၉၉ ခုနှစ်မှာ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့မှ ပိုလီယိုအရိုင်းပိုးတွေ့ရှိသူ လူနာနှစ်ဦးစီ စုစုပေါင်း လေးဦးတွေ့ရှိခဲ့ရပါတယ်။ ဒီအဖြစ်အပျက်ကို အခြေခံပြီး ပိုလီယိုအကြောသေရောဂါပပျောက်ရေးရဲ့ နောက်ဆုံးနည်းဗျူဟာဖြစ်တဲ့ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ၁၉၉၉ ခုနှစ်မှစပြီး ၂၀၀၃ ခုနှစ်အထိ ခြောက်ကြိမ်တိုင်တိုင် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တာမို့ ပိုလီယိုကင်းတဲ့ မြန်မာနိုင်ငံအဖြစ် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ကြေညာနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီလို အိမ်တိုင်ရာရောက် ကောက်သင်းကောက် ကာကွယ်ဆေးတိုက်ကျွေးခြင်းဖြင့် ပိုလီယိုရောဂါပပျောက်ရေးရဲ့ အဓိကသော့ချက်ဖြစ်တဲ့ ယခင်က ပိုလီယိုကာကွယ်ဆေးကို အကြောင်းကြောင်းကြောင့် လုံးဝမသောက်လိုက်ရတဲ့ ကလေးတွေကို ဖော်ထုတ်တိုက်ကျွေးနိုင်ခဲ့တာမို့ ရာခိုင်နှုန်းပြည့် လွှမ်းခြုံမှုပေးနိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့တာ ဖြစ်ပါတယ်။

ဒီနှစ် စက်တင်ဘာလ ၃ ရက် (တနင်္ဂနွေနေ့)မှာ ပထမအကြိမ်နဲ့ အောက်တိုဘာလ ၁ ရက် (တနင်္ဂနွေနေ့)မှာ ဒုတိယအကြိမ် တိုက်ကျွေးမယ့် စတုတ္ထနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက် နေ့များမှာ ပြည်နယ်တိုင်းငါးခုရဲ့ မြို့နယ် ၈၀ မှာရှိကြတဲ့ အသက်ငါးနှစ်အောက် ကလေးပေါင်း နှစ်သန်းကျော်အား တစ်ဦးတစ်ယောက်မကျန် အာနိသင်ပြည့်ဝတဲ့ ပိုလီယိုကာကွယ်ဆေးတွေကို တိုက်ကျွေးနိုင်ဖို့ အရေးကြီးပါတယ်။ ဒီနေရာမှာ ယခင့်ယခင်က အကြောင်းကြောင်းကြောင့် ပိုလီယိုကာကွယ်ဆေး လုံးဝမတိုက်လိုက်ရသော ကလေးတွေကို ဖော်ထုတ်တိုက်ကျွေးဖို့ အလွန်အရေးကြီးပါတယ်။ ဒီနှစ်မှာ ယခင်နှစ်တွေကလို အမျိုးသားကာကွယ်ဆေးတိုက်ရက်မှာ တစ်ရက်တည်းနဲ့ စုရပ်မှာ လူစာရင်းကိုကြည့်ပြီး စောင့်တိုက်ရုံသက်သက်မဟုတ်ဘဲ ညနေစောင်းအထိဖွင့်ပြီး တိုက်ဖြစ်အောင်တိုက်ဖို့၊ ဒုတိယရက်မှာစာရင်းတွင် ကျန်ရှိနေသေးသော ကလေးများအား သက်ဆိုင်ရာကျေးရွာ/ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီများနှင့် လူမှုရေးအဖွဲ့များမှ စေတနာ့ဝန်ထမ်းများရဲ့ အကူအညီကို ယူပြီး အိမ်တိုင်ရာရောက် သွားရောက်တိုက်ကျွေးဖို့နဲ့ ကလေးများ ကျန်ရှိနေရင် တတိယနေ့မှာ အိမ်တိုင်ရာရောက် တိုက်ကျွေးဖို့လိုပါတယ်။

ပိုလီယိုပပျောက်ရေး နည်းဗျူဟာ လေးရပ်ကို မြန်မာနိုင်ငံမှာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လို့ ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် ရောက်ရှိခဲ့သော်လည်း ဆက်လက်ထိန်းသိမ်းသွားနိုင်ဖို့အတွက်ကတော့ အလွန်အရေးကြီးပါတယ်။ မျိုးဆက်သစ်လူငယ်ကလေးများရဲ့ ကျန်းမာကြံ့ခိုင်ရေးဟာ အဓိကကျတဲ့ကဏ္ဍမှာပါဝင်တာမို့ မြန်မာနိုင်ငံရဲ့ပိုလီယိုကင်းစင်သော သာယာလှပတဲ့အခြေအနေကို ဝိုင်းဝန်းထိန်းသိမ်းကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် F.M.I City Orchid Garden ကိန္နရီသစ်ခွလမ်းသွယ် နေ ကွယ်လွန်သူ ဗိုလ်မှူးမောင်မောင်အားရည်စူး၍ ဒေါ်ညွန့်ညွန့်မိသားစုက ဆွမ်းနှင့် ဆေးပဒေသာပင် ငွေကျပ် တစ်သိန်း သုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီး တင်သိန်းလွင်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ရေငုပ်သင်္ဘောမှ ရေပြင်ပေါ်ရှိ ပစ်မှတ်သို့ ပစ်ခတ်နိုင်သည့် ဒုံးကျည်စမ်းသပ်မှု အောင်မြင်ကြောင်း အီရန်ပြောကြား

တီဟီရန် ဩဂုတ် ၂၈

အီရန်နိုင်ငံသည် စစ်ရေးလေ့ကျင့်မှုပြုလုပ်စဉ်အတွင်း ရေငုပ်သင်္ဘောမှ ရေမျက်နှာပြင်ပေါ်ရှိ ပစ်မှတ်သို့ ပစ်ခတ်နိုင်သော ဒုံးလက်နက်တစ်မျိုးကို စမ်းသပ်ပစ်ခတ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

ပါရှန်ပင်လယ်ကွေ့ ကမ်းလွန်ရှိ ရေငုပ်သင်္ဘောတစ်စင်းက ရေမျက်နှာပြင်ပေါ်ရှိ ပစ်မှတ်ကို ပစ်ခတ်နိုင်ခဲ့သည်။ ဒုံးကျည်စမ်းသပ်မှုမှာ အောင်မြင်မှုရှိကြောင်း အီရန်ရေတပ်တပ်မှူး ဗိုလ်ချုပ်ကြီး ဆာဂျက်ကူချာကီက ပြောကြားသည်။

စမ်းသပ်ပစ်ခတ်သော ဒုံးလက်နက်မှာ "ဆက်ဟက်"ဟူ၍ အမည်ပေးထားသော ဒုံးကျည်ဖြစ်ပြီး ယင်းဒုံးကျည်ကို ရေငုပ်သင်္ဘောဖြင့်သာမက အခြားစစ်ရေယာဉ်များဖြင့်ပါ ပစ်ခတ်နိုင်စွမ်းရှိကြောင်း ၎င်းကပြောကြားသည်။

ဒုံးလက်နက် စမ်းသပ်မှုအတွင်း ရေငုပ်သင်္ဘောတစ်စင်းက ပစ်ခတ်သည့် ဒုံးလက်နက်သည် တစ်ကီလိုမီတာ အကွာအဝေးအတွင်းရှိ ရေပေါ်ပစ်မှတ်ကို ထိမှန်ကြောင်း ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နွေရာသီ အပန်းဖြေစခန်းမြို့ ဘီဟိုင်းတွင် ကျင်းပသည့် အလှမယ်ရွေးပွဲ၌ ပထမရသူ ယူကရိန်းမယ် အိုလီနာ (အလယ်)ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါ၌ ကျောက်ကပ်အစားထိုးကုသမှုဌာန တည်ထောင်မည်

ခတ္တမန္ဒူ ဩဂုတ် ၂၈

နီပေါနိုင်ငံ၌ ကျောက်ကပ်အစားထိုးကုသမှုအတွက် ဆေးဘက်ဆိုင်ရာဌာန တစ်ခုကို တစ်နှစ်အတွင်း တည်ထောင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်အမျိုးသား သတင်းဌာန (အင်အင်အေ)က တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

စီစဉ်

နီပေါအသည်းစောင့်ရှောက်ရေးဌာန (အင်အယ်လ်စီစီ)က နီပေါနိုင်ငံ၌ ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုးကုသမှုဌာနတစ်ခု တည်ထောင်ရန် စီစဉ်လျက်ရှိကြောင်း၊ သို့မှသာ ပြည်ပသို့ ငွေကြေးအမြောက်အမြားအကုန်အကျခံပြီး သွားရောက် ကုသရန် မလိုတော့ကြောင်း၊ ကျန်းမာရေးဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်း အင်အယ်လ်စီစီဥက္ကဋ္ဌ အာရွန်ကူးမားဆင်း၏ ပြောကြားချက်ကို ကိုးကားလျက် အင်အင်အေသတင်းဌာနက ဖော်ပြသည်။

ရူပီးတစ်သန်း

နီပေါနိုင်ငံသားများသည် အိန္ဒိယနိုင်ငံ၌ ကျောက်ကပ်အစားထိုးကုသပါက ရူပီး တစ်သန်း (အမေရိကန် ဒေါ်လာ ၂၂၈၅၇ ဒေါ်လာ) ကုန်ကျမည်ဖြစ်ကြောင်း၊ နီပေါနိုင်ငံ၌ ကျောက်ကပ်အစားထိုးကုသပါက ရူပီး ၂၀၀၀၀၀မှ ၃၀၀၀၀၀ အတွင်း (အမေရိကန်ဒေါ်လာ ၂၈၅၇မှ ၄၂၈၆ ဒေါ်လာအတွင်း)သာ ကုန်ကျမည်ဖြစ်ကြောင်း ဆင်းက ပြောကြားသည်။

နီပေါနိုင်ငံမှ ကျောက်ကပ်ရောဂါသည် ၅၀၀ ခန့်သည် ပြည်ပနိုင်ငံများသို့ နှစ်စဉ်သွားရောက်၍ ကျောက်ကပ်အစားထိုး ကုသလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများအား ဝိုင်းဝန်းပြုစုနေကြသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယ်စပ်ဖြတ်ကျော်ရေးစခန်းနှစ်ခု ဖွင့်လှစ်ရေး ထိုင်းနှင့်လာအို နှစ်နိုင်ငံ သဘောတူ

ဗန်ကောက် ဩဂုတ် ၂၈

ထိုင်းနိုင်ငံနှင့် အိမ်နီးချင်းလာအိုနိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရန်အတွက် နှစ်နိုင်ငံ ယာယီ နယ်စပ်ဖြတ်ကျော်ရေး စခန်းနှစ်ခု ဖွင့်လှစ်ရန်နှင့် နယ်စပ်လုံခြုံရေးလုပ်ငန်းအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီလိုက်ကြောင်း ထိုင်းသတင်း အေဂျင်စီက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

လက်မှတ်ရေးထိုး

လာအိုနိုင်ငံတွင် နှစ်ရက်ကြာ ကျင်းပခဲ့သည့် အစည်းအဝေးတွင် နှစ်နိုင်ငံသဘောတူညီခဲ့ခြင်း ဖြစ်သည်။ ယင်းအစည်းအဝေးသည် ဩဂုတ် ၂၅ ရက်တွင် ပြီးဆုံးခဲ့သည်။ လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးဌာနဝန်ကြီး သွန်ဘန်ဆန်ဂါဖွန်နှင့် ထိုင်းနိုင်ငံ ပြည်ထဲရေးဌာန ယာယီဝန်ကြီး ကွန်ဆက်စ်ဝန်သာနာတို့က ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ သဘောတူညီချက်အရ ထိုင်းနိုင်ငံမြောက်ပိုင်း ဥတာရာဒစ်ပြည်နယ် ဘန်ခွစ်ခရိုင်တွင် နယ်စပ်စခန်းနှစ်ခုကို ယာယီဖွင့်လှစ်မည်ကြောင်း ထိုင်းသတင်းအေဂျင်စီက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စပိန်နိုင်ငံ ဆန်လူကာဒီဘာရာမီဒါမြို့၌ ကျင်းပသည့် ရိုးရာမြင်းစီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူနှစ်ဦးကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တောင်ပိုင်း စစ်အခြေစိုက်စခန်းတွင် မတော်တဆမှု ဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း စစ်အခြေစိုက်စခန်းတစ်ခုတွင် မတော်တဆမှုဖြစ်ပွားရာ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးနှင့် ပိုလန်တပ်ဖွဲ့ဝင်နှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၁၈၀ အကွာ ဒီဝါနီယာ ပြည်နယ်ရှိ နိုင်ငံစုံတပ်ဖွဲ့၏ စစ်စခန်း၌ ဩဂုတ် ၂၆ ရက် အစောပိုင်းက မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ အသေးစိတ်ကိုမူ ဖော်ပြခြင်းမရှိပေ။

ဒဏ်ရာရရှိသူများကို စစ်စခန်းရှိ ဆေးရုံ၌ ဆေးဝါးကုသပေးခဲ့ ကြောင်း၊ ပိုလန်တပ်ဖွဲ့ဝင်များအနက် တစ်ဦးကို ဘဂ္ဂဒက်မြို့ဆေးရုံသို့ ပို့ပေးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ လက်ဘနွန်နှင့် ကွန်ဂိုနိုင်ငံသို့ စေလွှတ်မည်

ဂျကာတာ ဩဂုတ် ၂၈

အင်ဒိုနီးရှားနိုင်ငံသည် လက်ဘနွန်နိုင်ငံသို့သာမက ကွန်ဂိုနိုင်ငံသို့ပါ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များကို စေလွှတ်ရန် ပြင်ဆင်လျက်ရှိကြောင်း ကာကွယ်ရေးတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ထုတ်ပြန်သော ကာကွယ်ရေး ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ဝင် ၁၀၀၀ ကို လက်ဘနွန်နိုင်ငံသို့ လည်းကောင်း၊ ၁၉၉ ဦးကို ကွန်ဂိုနိုင်ငံသို့လည်းကောင်း စေလွှတ်မည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်ကို ကိုးကားလျက် အန်တာရာ သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ကွန်ဂိုနိုင်ငံသို့ စေလွှတ်မည့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု အထူးလုပ်ငန်း တပ်ဖွဲ့တွင် စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များဖြင့် ရွေးချယ်ဖွဲ့စည်းထားပြီး ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အထူးလုပ်ငန်းတပ်ဖွဲ့သည် ကွန်ဂိုနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော ယခင်အထူးလုပ်ငန်းတပ်ဖွဲ့၏ နေရာတွင် အစားထိုးမည်ဖြစ်သည်။ အင်ဒိုနီးရှားငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ နှောင်းပိုင်း သို့မဟုတ် အောက်တိုဘာအစောပိုင်းတွင် ကွန်ဂိုနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြည်ပမှ နောက်ထပ်ဂျုံတန်ချိန်နှစ်သန်း ဝယ်ယူတင်သွင်းရန် အိန္ဒိယအစိုးရခွင့်ပြု

နယူးဒေလီ ဩဂုတ် ၂၈

အိန္ဒိယအစိုးရသည် အကောက်ခွန်လုံးဝကောက်ယူခြင်းမရှိဘဲ ဂျုံတန်ချိန်နှစ်သန်းကို ပြည်ပမှ ဝယ်ယူတင်သွင်းရန် ထပ်မံခွင့်ပြုသည်။ ယင်းသို့ ဆောင်ရွက်ရခြင်းသည် ပြည်သူ့စားသုံးကုန်ပစ္စည်းဖြန့်ဖြူးရေးစနစ်(ပီဒီအက်စ်)တွင် ဝယ်လိုအား များပြားနေသည့်အတွက် ဖြစ်ကြောင်း အိန္ဒိယပီတီအိုင် သတင်းဌာနက ဩဂုတ် ၂၆ ရက်တွင် ရေးသားဖော်ပြသည်။

ထုတ်ပြန်ထား

ဂျုံတင်သွင်းမှုကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်ထက် နောက်မကျဘဲ အိန္ဒိယနိုင်ငံပိုင် စားနပ်ရိက္ခာကော်ပိုရေးရှင်းက ဆောင်ရွက်သွားမည် ဖြစ်သည်။ ချန်နိုင်း၊ တူတီကိုရင်၊ ကိုချင်နှင့် ဗီရှက်စ်ပဟာ ပါတာနမ်ဆိပ်ကမ်းတို့မှ တစ်ဆင့်သာလျှင် ဂျုံများကိုတင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ပြည်ပကုန်သွယ်ရေးညွှန်ကြားရေးမှူးချုပ်ရုံး (ဒီဂျီအက်ဖ်တီ)က ညွှန်ကြားချက်ထုတ်ပြန်ထားသည်။

ဂျုံတင်သွင်းမှုကို အကောက်ခွန်လွတ်ငြိမ်းခွင့်ပြုရန် ဩဂုတ် ၁၄ရက်နေ့စွဲပါ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန၏အထူးညွှန်ကြားချက်အရ ဆောင်ရွက်ခြင်း ဖြစ်သည်ဟု ဒီဂျီအက်ဖ်တီက ပြောကြားသည်။

တိုးမြှင့်ဝယ်ယူ

ပြည်သူပိုင်ကုမ္ပဏီဖြစ်သော နိုင်ငံတော် ကုန်သွယ်ရေးကော်ပိုရေးရှင်းက အကောက်ခွန်လွတ်ငြိမ်းမှုဖြင့် ဝယ်ယူတင်သွင်းနေသော ဂျုံတန်ချိန် ၃ဒသမ ၈၃သန်းအပြင် နောက်ထပ်ဂျုံတန်ချိန်နှစ်သန်းကို တိုးမြှင့်ဝယ်ယူတင်သွင်းမည်ဖြစ်သည်။ နိုင်ငံပိုင် အမ်အမ်တီစီကုမ္ပဏီနှင့် ပီအီးစီကုမ္ပဏီတို့ကလည်း ဂျုံတန်ချိန် ၄၀၀၀၀စီကို အကောက်ခွန်ငါးရာခိုင်နှုန်း ကောက်ယူကာ ပုဂ္ဂလိကကုန်သည်များအတွက် ဝယ်ယူတင်သွင်းလျက်ရှိသည်။

ပြည်သူများထံ ဖြန့်ဖြူးပေးနိုင်ရန် ဂျုံ တင်သွင်းဈေးနှုန်းများကို ကန့်သတ်သွားမည်ဖြစ်သည်။ ယခုနှစ် ဇူလိုင် ၁ ရက်တွင် ဂျုံတောင်သူများထံမှ ဂျုံတန်ချိန် ၁၆ သန်းခန့်ကို အစိုးရက ဝယ်ယူရန် ရည်မှန်းထားကြောင်း၊ သို့သော် ယခုအချိန်အထိ တန်ချိန် ၉ ဒသမ ၂ သန်းကိုသာ ဝယ်ယူပြီးဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ခြောက်နှစ်ကြာဂျုံတင်သွင်းမှု မရှိခဲ့ရာမှ ပြည်ပမှ ဂျုံတင်သွင်းရန် ယခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရက ခွင့်ပြုပေးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ တိုကျိုမြို့၌ မာစီဒီးစ်ဘင့်ကား၏ ဒီဇယ်အင်ဂျင်သစ်များ ပြသထားသည်ကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

လက်ဘနွန်နိုင်ငံ တိုင်ယာမြို့သို့ ပြင်သစ် ငြိမ်းချမ်းရေးထိန်းတပ်ဖွဲ့ဝင်များ ရောက်ရှိလာသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရန်မြောက်ပိုင်း၌ ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွား

တီဟီရန် ဩဂုတ် ၂၈

အီရန်နိုင်ငံမြောက်ပိုင်းရှိ အဝေးပြေးလမ်းမပေါ်တွင်လေ့လာရေးခရီးထွက်ခွာလာသော ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုကြောင့် ကျောင်းသား၊ ကျောင်းသူ ၂၄ဦးသေဆုံးသွားကြောင်း နိုင်ငံပိုင်ရေဒီယိုကဩဂုတ် ၂၆ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ ဘတ်စ်ကားသည် အီရန်နိုင်ငံမြို့တော်တီဟီရန်၏အရှေ့ မြောက်ဘက်ကီလိုမီတာ၁၀၀၀အကွာရှိ မစ်ဟာဒ်မြို့သို့ဦးတည်သွားနေစဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်းရေဒီယိုသတင်းတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထိုင်းနိုင်ငံမြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

ဗန်ကောက် ဩဂုတ် ၂၈

ထိုင်းနိုင်ငံမြောက်ပိုင်း နန်ပြည်နယ်တွင် ဩဂုတ် ၂၆ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ ရွာသား ၅၅၀ ကျော်ကို ရဟတ်ယာဉ်များဖြင့် ဘေးလွတ်ရာသို့ ကယ်ခဲ့ရကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

မြေပြိုမှုကြောင့် အိမ်ခြေများစွာ ပျက်စီးသွားပြီး သန်ချောင်ဒေသ နမ်ဖွီရွာတွင် ရွာသား ၃၆၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ဘန်နမ်ဖာအိုရွာမှ ရွာသား ၁၉၂ ဦးကိုလည်း ရဟတ်ယာဉ်ဖြင့် ပြောင်းရွှေ့ပေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဖော်ပြသည်။

ယင်းရွာနှစ်ရွာမှ ရွာသားများကို ကျောင်းနှစ်ကျောင်းသို့ ပြောင်းရွှေ့ပေးထားပြီး ၎င်းတို့သည် မိုးရွာသွန်းမှု ရပ်ဆိုင်းသည်အထိ ရက်အနည်းငယ်ကြာမျှ ခိုလှုံနေရမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘာကူဘာမြို့တွင် သေနတ်သမားများပစ်ခတ် လေးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်တွင် ဗုဒ္ဓဟူးနေ့က နေအိမ်တစ်လုံးအတွင်းသို့ သေနတ်သမားများက စီးနင်းဝင်ရောက်ပစ်ခတ်ရာ မိသားစုဝင် လေးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘာကူဘာမြို့တောင်ပိုင်းရှိ ရပ်ကွက်တစ်ခုတွင် တည်ရှိသော နေအိမ်အတွင်းသို့ သေနတ်သမားများ ဝင်ရောက်လာပြီးပစ်ခတ်ခြင်းဖြစ်ကြောင်း ဘာကူဘာမြို့ ရဲတပ်ဖွဲ့မှ အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘာကူဘာမြို့သည် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၆၅ကီလိုမီတာအကွာတွင် တည်ရှိပြီး ဒီယာလာပြည်နယ်၏ မြို့တော်ဖြစ်သည်။ ယင်းဒေသကို ဆွန်နီတြိဂံဒေသဟု ခေါ်ပြီး အမေရိကန်ဦးဆောင်သော ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်ရာ ဒေသတစ်ခုဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆော်ဒီ အာရမ်ကိုရေနံကုမ္ပဏီ ဂျပန်သို့ ရေနံစိမ်းတိုးမြှင့်တင်ပို့မည်

ကူဝိတ်စီးတီး ဩဂုတ် ၂၈

ဆော်ဒီအာရေဗျနိုင်ငံပိုင် ဆော်ဒီအာရမ်ကို ရေနံကုမ္ပဏီသည် ဂျပန်နိုင်ငံသို့ ရေနံစိမ်း ပိုမိုတင်ပို့သွားမည်ဖြစ်ကြောင်း၊ တစ်ရက်လျှင် ရေနံစည် ၃၀၀၀၀၀ထက်မနည်း တိုးမြှင့်တင်ပို့သွားမည်ဖြစ်ကြောင်း ဆော်ဒီသတင်းအေဂျင်စီ(အက်စ်ပီအေ)က ဩဂုတ် ၂၆ ရက်တွင် ဖော်ပြသည်။

လက်မှတ်ရေးထိုး

လောလောဆယ်ကာလတွင်ဂျပန်နိုင်ငံသို့ တစ်ရက်လျှင် ရေနံစည်တစ်သန်းနီးပါး တင်သွင်းလျက်ရှိသော ဆော်ဒီအာရမ်ကို ကုမ္ပဏီသည် ရေနံစိမ်းတိုးမြှင့်တင်ပို့ရောင်းချရေး သဘောတူညီချက်တစ်ရပ်ကို ဂျပန်နိုင်ငံနှင့် မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ကြောင်း။

တစ်ချိန်တည်းမှာပင် ဂျပန်နိုင်ငံရှိ ရေနံချက်လုပ်ငန်းနှင့် ဈေးကွက်တင်ပို့ရေးကုမ္ပဏီဖြစ်သော ရှိုဝါရှဲလ်ကုမ္ပဏီ၏ အစုရှယ်ယာ ၉ဒသမ၉၆ရာခိုင်နှုန်းကို ဆော်ဒီအာရမ်ကိုကုမ္ပဏီက ဝယ်ယူမည်ဖြစ်ကြောင်း အက်စ်ပီအေ၏ သတင်းတွင် ရေးသားဖော်ပြထားသည်။

ရှယ်ယာဝယ်ယူမှုကို ယခုနှစ် ဩဂုတ်လကုန်တွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်သည်ဟုဆိုသည်။

၎င်းအပြင် ရွိုင်ရယ်လ်ဒတ်ချ်/ရှဲလ်အုပ်စုထံမှ ရှိုဝါရှဲလ်ကုမ္ပဏီ ဝယ်ယူထားသော အစုရှယ်ယာများအနက် အစုရှယ်ယာ၄ဒသမ၉၉ရာခိုင်နှုန်းကိုလည်း ဝယ်ယူရန် မူအားဖြင့် သဘောတူထားသည်။

ဂျပန်နိုင်ငံရှိ အကြီးဆုံး ရေနံချက်လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီများတွင် ရှိုဝါရှဲလ်ကုမ္ပဏီလည်း ပါဝင်သည်။ ရှိုဝါရှဲလ်ကုမ္ပဏီနှင့် ဆက်သွယ် ပေါင်းစည်းလုပ်ကိုင်သည့် ကုမ္ပဏီသုံးခု၏ ရေနံစိမ်း ချက်လုပ်နိုင်မှုမှာ တစ်ရက်လျှင် ရေနံစည်ပေါင်း ၅၁၅၀၀၀ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဩဂုတ် ၂၈ ရက်က အင်္ဂလန် ဝေလနယ် ပွိုင်းမြို့၌ကျင်းပသော ကမ္ဘာ့ဗွက်အိုင်တွင်း ရေငုပ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူတစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဆီးရီးယားနယ်စပ်၌ ကုလတပ်ဖွဲ့ချထားရေး လက်ဘနွန်သမ္မတ ပယ်ချ

ဘေရွတ် ဩဂုတ် ၂၈

လက်ဘနွန်–ဆီးရီးယားနယ်စပ်တစ်လျှောက်တွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ထားမည့် အစီအစဉ်ကို လက်ဘနွန်နိုင်ငံသမ္မတ အီမီးလ်လာဟွတ်က ပယ်ချလိုက်ကြောင်း သမ္မတရုံးက စနေနေ့တွင် ကြေညာချက်ထုတ်ပြန်သည်။

နယ်စပ်ပဋိပက္ခဖြစ်ပွားသည့်နေရာများတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားသင့်ကြောင်း၊ လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံတို့မှာ မည်သည့်အငြင်းပွားမှုမျှ မရှိကြောင်း မကြာသေးမီက ပြုလုပ်သော ပြည်ပမီဒီယာများ၏ လူတွေ့မေးမြန်းမှုတွင် လာဟွတ်က ပြောကြားခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ လက်ဘနွန်နိုင်ငံတပ်ဖွဲ့သည် နယ်စပ်မောင်ခိုလုပ်ငန်းကို ထိထိရောက်ရောက်နှိမ်နင်းနိုင်စွမ်းရှိကြောင်း၊ ဆီးရီးယားနိုင်ငံကလည်း တစ်ဖက်နယ်စပ်တွင် အလားတူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လာဟွတ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ မြန်မာအသင်းဗိုလ်စွဲ နာမည်ကြီးအင်ဒိုနီးရှားအသင်းကို ခြေစွမ်းပြအနိုင်ယူ

**သတင်းမှတ်စု–ညီညီစိုးညွန့်
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)**

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၆ခုနှစ် (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှား လက်ရွေးစင်အသင်းတို့သည် ယနေ့ည ဒေသစံတော်ချိန် ၈နာရီ ၄၅မိနစ်က မလေးရှားနိုင်ငံ ရှားအလမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

မြန်မာအသင်း နှစ်ဂိုး။

(ကျော်သူရနှင့် စိုးမြတ်မင်း)

အင်ဒိုနီးရှားအသင်း တစ်ဂိုး။

စတုတ္ထအကြိမ်ဆွတ်ခူး

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ ကျင်းပရာ မလေးရှားမြေသည် မြန်မာအသင်း၏ အောင်မြေဖြစ်ခဲ့သည်ဆိုသည့်အတိုင်း ယခုတစ်ကျော့ပြန် ပြန်လည်ယှဉ်ပြိုင်သည့် အကြိမ်မှာလည်း ခြေစွမ်းပြဗိုလ်စွဲပြီး မာဒေးကားဖလားကြီးကို စတုတ္ထအကြိမ်မြောက် ဆွတ်ခူးရရှိသွားသည်။

၂၀၀၂ခုနှစ်မှစ၍ မြန်မာလူငယ်အသင်းများမှာ သက်တမ်းအလိုက် ပြိုင်ပွဲများတွင် အနိုင်ရဗိုလ်စွဲခဲ့သော်လည်း မြန်မာ့လက်ရွေးစင်အသင်းကြီးမှာ နှစ်ပေါင်းများစွာ ချန်ပီယံဆုဖလားနှင့် ဝေးကွာခဲ့ရာမှ ဇွဲ၊ စိတ်ဓာတ်၊ စည်းလုံးမှုအပြည့်ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင် ပြိုင်ပွဲဝင်ခဲ့သောကြောင့် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းထက်လာပြီး အနိုင်ရဗိုလ်စွဲ သည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။

ထိုက်ထိုက်တန်တန် အနိုင်ရ

ယနေ့ညက မလေးရှားနိုင်ငံ ရှားအလမ်ဘောလုံးကွင်းကြီး၌ ကျင်းပခဲ့သော မာဒေးကားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်းသည် မိနစ် ၉၀ လုံးလုံး ဇွဲ၊ စိတ်ဓာတ် အားမာန်အပြည့်အဝဖြင့် ကစားသွားသဖြင့် နာမည်ကြီးအင်ဒိုနီးရှားအသင်းကို ထိုက်ထိုက်တန်တန် အနိုင်ရကာ နိုင်ငံအတွက် ဆုဖလားကြီးကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် ထိန်းကစားနေ၍ ဂိုးသွင်းခွင့် သိပ်မရခဲ့သော်လည်း ဒုတိယပိုင်းတွင် ကစားအားကို အထူးမြှင့်တင်ကစားလာရာ အင်ဒိုနီးရှားနောက်တန်း တဖြည်းဖြည်းပြိုဆင်းခဲ့ပြီး တိုက်စစ်မှူး ကျော်သူရနှင့် အသင်းခေါင်းဆောင် စိုးမြတ်မင်းတို့ သွင်းယူသောဂိုးများဖြင့် အနိုင်ရဗိုလ်စွဲကာ အောင်ပွဲခံနိုင်ခဲ့သည်။

တန်ပြန်ထိုးဖောက်

ပထမပိုင်းတွင် မြန်မာအသင်းသည် တိုက်စစ်ထက် ခံစစ်ကို လုံအောင်လုပ်ပြီးမှ တန်ပြန်ထိုးဖောက် တိုက်စစ်ဆင်ရန် ကြိုးစားခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာ တစ်ဦးချင်းစွမ်းရည်နှင့် လျင်မြန်မှုကိုအားပြုပြီး ညာခြမ်းမှသာ မြန်မာဘက်သို့ တိုက်စစ်ဆင်ခဲ့သည်။ မြန်မာအသင်း၏ ဆင့်ကဲဆင့်ကဲ ဖျက်ထုတ်မှုများကြောင့် အင်ဒိုနီးရှားအသင်း ထင်သလောက် မထိုးဖောက်နိုင်ဖြစ်နေသည်။ ၎င်းပြင် ဖြတ်တင်ဘောများမှာလည်း တိကျမှုမရှိသဖြင့် အားနည်းခဲ့ရသည်။ မြန်မာအသင်း ဂိုးရရေးကြိုးစားသော်လည်း မကြာခဏဆိုသလို လူကျွံဘောဖြစ်နေ၍ အချည်းနှီးဖြစ်ခဲ့ရကာ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားလာရာ ဂိုးသွင်းခွင့်များရရှိလာသည်။ မြန်မာက နေရာစုံမှ တရစပ် တိုက်စစ်ဆင်လာသလို အင်ဒိုနီးရှားအသင်းကလည်း ပထမပိုင်းက အားပြုကစားခဲ့သည့် ညာခြမ်းနေရာမှ ဘယ်ညာပြောင်းပြီး တိုက်စစ်ဆင်လာသည်။ ပွဲအစ တစ်မိနစ်တွင် စိုးမြတ်မင်း ညာခြမ်းမှဖြတ်ပို့သောဘောလုံးမှာ အင်ဒိုနီးရှားနောက်ခံလူနှင့် ထိထွက်လာစဉ် ကျော်သူရ ပြေးပိတ်ရာ အပေါ်ကျော်သွား၍ ဂိုးတစ်ဂိုးနစ်နာခဲ့ရသည်။ အင်ဒိုနီးရှားကလည်း ငါးမိနစ်နှင့် ခုနစ်မိနစ်တွင် ကန်သွင်းခွင့်များ ရရှိခဲ့သော်လည်း ဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

မြန်မာအသင်းအတွက် ဒုတိယဂိုးသွင်းပေးခဲ့သူ အသင်းခေါင်းဆောင် စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)။

ဖွင့်ဆော်ဦးဂိုး

ပွဲချိန်ကြာလာသည်နှင့်အမျှ နိုင်လိုစိတ် ပြင်းထန်နေသည့် မြန်မာအသင်းမှာ မလေးရှားရောက် မြန်မာပရိသတ်များ၏ အားပေးမှုနှင့်အတူ အင်ဒိုနီးရှားဘက်သို့ တိုက်စစ်ဆင်လာရာ ၆၂မိနစ်တွင် ခင်မောင်လွင်(လယ်/ဆည်) ဘယ်ခြမ်းမှ ဖြတ်ပို့သော ဘောလုံးကို အင်ဒိုနီးရှားနောက်ခံလူ ဖျက်ထုတ်ရာမှ လျှံထွက်လာစဉ် ကျော်သူရ(ဘဏ္ဍာ/အခွန်)က ဘီးကုပ်ထိပ်မှ မနားတမ်း ပြေးကန်သွင်းလိုက်၍ မြန်မာအသင်း ဖွင့်ဆော်ဦးဂိုးရရှိသွားသည်။

အင်ဒိုနီးရှားကလည်း ဂိုးပေးလိုက်ရ၍ ပြန်လည်တိုက်စစ်ဆင်ရာ ၇၅မိနစ်တွင် ညာခြမ်းမှ ကန်တင်ပေးသောဘောလုံးကို နံပါတ်(၂၀) ခေါင်းတိုက်သွင်းရာ ဂိုးဘားတန်းထိ ထွက်သွားသကဲ့သို့ ပြန်ထွက်လာသော ဘောလုံးကို နံပါတ်(၄) ကန်သွင်းရာ တိုင်ထိထွက်သွား၍ အင်ဒိုနီးရှားအသင်း နစ်နာခဲ့ရသည်။

ဒုတိယအနိုင်ဂိုး

မြန်မာအသင်းကလည်း အလယ်တန်းမှ ဖန်တီးပေးမှု၊ ရှေ့တန်းကစားသမားများ၏ တိုးဝင်ထိုးဖောက်မှုများဖြင့် ဂိုးထပ်မံရရှိရေး ကြိုးစားလာသည်။ ၈၅မိနစ်တွင် ညာထောင့်ကန်ဘောကို အောင်မြင့်အေး(မြို့တော်စည်ပင်) ကန်တင်ပေးပြီး စည်သူဝင်း(ပြည်ထဲရေး)က ခေါင်းပြန်တိုက်ချပေးရာ အသင်းခေါင်းဆောင် စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)က နောက်ပြန်လှန်ပြီး ခေါင်းတိုက်သွင်းယူလိုက်၍ မြန်မာအသင်း ဒုတိယအနိုင် ဂိုးရရှိသွားသည်။

နှစ်ဂိုးပေးလိုက်ရ၍ အင်ဒိုနီးရှားအသင်းကလည်း တိုက်စစ်မြှင့်တင်လာရာ ၈၇ မိနစ်တွင် ဘယ်ခြမ်းမှ ကန်တင်ပေးသော ဘောလုံးကို နံပါတ်(၁၀) ခေါင်းတိုက်သွင်းရာ အောင်အောင်ဦး ကာကွယ်သော်လည်း ဂိုးဝင်သွား၍ အင်ဒိုနီးရှား ချေပဂိုးတစ်ဂိုး ပြန်ရသွားသည်။ သို့ရာတွင် မြန်မာက ပွဲအပြီးသည်အထိ အနိုင်ကို ထိန်းကစားသွားနိုင်၍ နှစ်ပေါင်း ၃၀ကျော် ကွာဝေးနေသည့် မာဒေးကားဖလားကြီးကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးရရှိခဲ့သည်။

ပါဝင်ကစား

မြန်မာအသင်းတွင် ဂိုး–အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ နောက်တန်း–မင်းသူ၊ ဇော်လင်းထွန်း–၂ နှင့် မိုးဝင်း(စီးပွား/ကူးသန်း)၊ ခင်မောင်လွင်(လယ်/ဆည်)၊ အလယ်တန်း–အောင်မျိုးသန့်(စီးပွား/ကူးသန်း)၊ ခင်မောင်ထွန်း(ဘဏ္ဍာ/အခွန်)၊ အောင်မြင့်အေး(မြို့တော်စည်ပင်)၊ စိုးမြတ်မင်း၊ ကျော်သူရနှင့် အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ ရှေ့တန်း–စည်သူဝင်း(ပြည်ထဲရေး)တို့ ပါဝင်ကစားသွားကြသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် မာဒေးကားဘောလုံးပြိုင်ပွဲတွင် (၁၈)ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ယခုအကြိမ်အပါအဝင် ပထမ လေးကြိမ် ရရှိခဲ့ပြီး ဒုတိယ သုံးကြိမ်၊ တတိယ လေးကြိမ် အောင်မြင်မှုရခဲ့သည်။

အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဩဂုတ် ၃၀ ရက် (ယနေ့)ည ၉ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာအသင်းအတွက် ပထမဂိုး သွင်းပေးခဲ့သူ တိုက်စစ်မှူး ကျော်သူရ(ဘဏ္ဍာ/အခွန်)။

နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးရန် ပြည်ပြေးများ၊ အကြမ်းဖက်သောင်းကျန်းသူများက ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေးသမားများ စီစဉ်စေလွှတ်လျက်ရှိ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းတားဆီးတိုက်ဖျက်ချေမှုန်းသွားမည်

နေပြည်တော် ဩဂုတ် ၂၉

ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင် ဦးစီးသည့် ဆန့်ကျင်ဘက် ပြည်ပြေးအုပ်စုများသည် ပြည်တွင်း၌ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် မြန်မာနိုင်ငံ၏ အဝေးတစ်နေရာတွင်ရှိသည့် နိုင်ငံတစ်နိုင်ငံ၌ ဇူလိုင် ၁၃ရက်တွင် အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ပြည်တွင်း၌ ဖောက်ခွဲရေးလုပ်ငန်းများလုပ်ဆောင်ရန် ၎င်းအစည်းအဝေးမှ ထောက်ပံ့လိုက်သော ငွေများကို ABSDF ဥက္ကဋ္ဌ သံခဲက ဩဂုတ် ၂၃ရက်တွင် ယူဆောင်လာခဲ့ကြောင်းလည်း သိရှိရသည်။

၎င်းရရှိသောငွေများကို အသုံးပြုပြီး ABSDF မှ ခင်ကျော်နှင့် သန်းအေးခေါင်းဆောင်သော ကျား ၁၂ဦး၊ မသုံးဦး ပေါင်း ၁၅ဦး ပါဝင်သည့် ဖောက်ခွဲရေးအဖွဲ့သည် ဩဂုတ် ၂၈ရက်တွင် ABSDF ဌာနချုပ် ဒေါင်းခွင်စခန်းမှ စတင်ထွက်ခွာလာကြောင်း၊ ၎င်းတို့သည် ရွှေကျင်ဒေသမှတစ်ဆင့် ပဲခူးယိုးမကုန်းဒေသနှင့် ဇရပ်ကြီးဒေသများသို့ ဝင်ရောက်ကာ စက်တင်ဘာလအတွင်း အကြမ်းဖက် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ကနေဒါရောက် သန်းထွေး၊ အမေရိကန်ရောက် ယဉ်ထွေးနှင့် ဂျပန်ရောက် စိုးဝင်း အပါအဝင် ဖောက်ခွဲရေးသမား ခုနစ်ဦးကိုလည်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရန် စေလွှတ်ထားကြောင်း သတင်းရရှိသည်။

ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်သည် နိုင်ငံတော်အစိုးရက တရားခံပြေးအဖြစ်လည်းကောင်း၊ အကြမ်းဖက်သမားအဖြစ်လည်းကောင်း ကြေညာထားခြင်းခံရသူဖြစ်သည်။ သို့သော် ၎င်းသည် နိုင်ငံရေး အရေခြုံပြီး ယခုအခါ ပြည်ပရှိ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (FTUB) အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) အထွေထွေအတွင်းရေးမှူးအဖြစ် လည်းကောင်း ဆောင်ရွက်ကာ မြန်မာနိုင်ငံအတွင်း အဖျက်အမှောင့်လုပ်ငန်းများကို စီစဉ်ကြိုးကိုင်လုပ်ဆောင်နေသူဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးတည်ဆောက်လျက် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ရရှိဖြစ်ထွန်းနေသော အေးချမ်းတည်ငြိမ်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းမှု အလားအလာကောင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်တွင်း၊ ပြည်ပအဖျက်ရန်ဟူသမျှကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က ပူးပေါင်းတားဆီး တိုက်ဖျက်ချေမှုန်းသွားမည်ဖြစ်သည်။

အများပြည်သူတို့ အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဆောင်ကာ ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်အဖျက်အမှောင့်သမားများကို အထူးသတိပြု စောင့်ကြပ်ကြည့်ရှု ဖော်ထုတ်ပြီး တာဝန်ရှိသူများထံသို့ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျောက်ဆည်မြို့နယ် ပြည်ပန်းစံပြကျေးရွာတွင် စည်းရုံးပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၂၂ရက်တွင် ကျောက်ဆည်မြို့နယ် ပြည်ပန်းစံပြကျေးရွာ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စည်းရုံးရေးဌာနကြီးမှူး၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ပြည်ပန်း၊ ပတ္တာ၊ ထနောင်းပင်လှ၊ ပင်တလှည်၊ သမန္တလင်း၊ မြင်းကဘက်၊ မုံ့ပေါင်းနှင့် အင်းကုန်း ကျေးရွာများမှ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျေးရွာသူအမျိုးသမီးများ စုစုပေါင်း ၇၅၀တို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျောက်ဆည်မြို့ ပြည်ပန်းစံပြကျေးရွာ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး အမျိုးသမီးရေးရာအဖွဲ့ ဝတ်စုံများကို ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်စဉ်။(သတင်းစဉ်)

အဆိုပါ စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အဖွင့်အမှာစကားနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မိမိလေးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး ကျောက်ဆည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ကျောက်ဆည်ခရိုင် အထူးကုဆေးရုံကြီးမှ သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မိုးသူဝင်းက HIV/AIDS ရောဂါအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများအား အမျိုးသမီးရေးရာစကားဝိုင်း ၁၅ဝိုင်းခွဲ၍ စည်းရုံးရေးဌာနကြီးမှူးနှင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက ပညာပေး ဆွေးနွေးချက်များအပေါ် နားလည်သဘောပေါက်မှုကို ဆန်းစစ်ကြပြီး မရှင်းလင်းသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာအဖွဲ့ ဝတ်စုံများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌသို့လည်းကောင်း၊ ပြည်ပန်းစံပြကျေးရွာ စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များကို ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌသို့လည်းကောင်း ပေးအပ်ပြီး HIV/AIDS လက်ကမ်းစာစောင်များနှင့် အိုင်အိုဒင်းဆားများကို လှူဒါန်းခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ အစောင် ၅၂၀၀ကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးထံ ပေးအပ်ပြီး စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးငယ်များအား အသိမှတ်ပြုအဖွဲ့ဝင် ကတ်ပြားများ ပေးအပ်၍ ရင်ထိုးတံဆိပ်များကို တပ်ဆင်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မိုးသူဝင်း HIV/ AIDS ရောဂါအကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်ဆည်မြို့နယ် ပြည်ပန်းစံပြကျေးရွာတွင် အမျိုးသမီးရေးရာစကားဝိုင်းများ ပြုလုပ်ပြီး ရင်းရင်းနှီးနှီးဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၆)လမ်းနေ အဘိုးအဘွားများဖြစ်သည့် ဦးနိုင်စွမ်း–ဒေါ်ကြင်မြိုင်၊ တန်ဆိုက်စိန်(ခ) ဦးလှထွန်း (ခ) ဦးအောင်ဖြိုးတို့အား ရည်စူး၍ ဒေါ်လင်းကြွေလွမ်း(ခ)ဒေါ်ခင်ခင်မြင့်၊ ဦးကျော်မင်းထွန်း၊ ဦးညီညီလွင်မိသားစုက ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၆ရက်က ကျင်းပရာ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလှမောင်ရွှေ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ဝေယံမိုးသုံ့သန်းအား ဆုချီးမြှင့်စဉ်။ (က–ပ)

ဆုချီးမြှင့်

ပန်းဘဲတန်းမြို့နယ် အလက(၁)၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၆ရက်က ကျင်းပရာ ဒုတိယတန်းပညာရည်ချွန်ဆုရရှိသော မောင်ရဲလွင်စိုးအား ကျောင်းအုပ်ဆရာကြီး ဦးကျော်နိုင် ဆုချီးမြှင့်စဉ်။ (က–ပ)

❖ ရှေ့ဖုံးမှ

လုပ်ငန်းများကို စံနမူနာပြ ဆောင်ရွက်ရေးတို့ကို မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်ရှိ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ ခြံတာဝန်ခံ ဗိုလ်မှူးတက်ထွန်းအောင်က လျာထားစိုက်ဧက ၅၀ တွင် ခြံစည်းရိုးကြက်ဆူပင်များ အပြည့်အဝ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စိုက်ပျိုးရေးခြံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာမှူး ဦးစောသော်တူထူးက လေယာဉ်ပြေးလမ်းကို ကျောက်ကတ္တရာ ပေ ၃၀၀ X ၁၀၀ တိုးချဲ့ခြင်းနှင့် အမာခံလမ်းပုခုံး ပေ ၃၀၀ X ၂၅လမ်းနှစ်ဖက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုးချဲ့လေယာဉ်ပြေးလမ်း ကျောက်ကတ္တရာခင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ မော်တော်ယာဉ်ဖြင့် လေယာဉ်ပြေးလမ်းတစ်လျှောက်ကို ကြည့်ရှုစစ်ဆေးသည်။

မြစ်ကြီးနားလေဆိပ်လေယာဉ်ပြေးလမ်းသည် ယခင်က အရှည်ပေ ၆၀၀၀ X ၁၀၀ သာရှိခဲ့ရာမှ ယခုအခါ လေယာဉ်ပြေးလမ်း မြောက်ဘက်သို့ အရှည်ပေ ၁၀၀၀ တိုးချဲ့၍ ပေ ၇၀၀၀ X ၁၀၀လမ်းအဖြစ် လျာထားဆောင်ရွက်လျက်ရှိပြီး ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ငါးမျိုးစိုက်ထည့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ မြို့နယ်စည်ပင်သာယာရေးရုံး၊ ရေဆိပ်၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် ကချင်ပြည်နယ် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးကြသည်၊

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဧရာဝတီမြစ်အတွင်းသို့ ငါးသန်ကောင်ရေ သိန်း ၅၀ ကို မျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပရာ မင်္ဂလာမဏ္ဍပ်အနီး၌ ခင်းကျင်းပြသထားသည့် ၂၀၀၆ ခုနှစ် ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗလမင်းထင်တံတားသို့ ရောက်ရှိကြရာ တံတား ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)မှ လက်ထောက်အင်ဂျင်နီယာ ဦးသက်လင်းက ဗလမင်းထင်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ထိန်းသိမ်းရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတားထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး တံတား၏ ကြံ့ခိုင်မှု၊ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းပြီးစီးမှုနှင့် ဧရာဝတီမြစ်၏ ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လမ်းပခုံးပြုပြင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ်၊ နောင်တာလောကျေးရွာအနီး ဗန်းမော်-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၄၈၂)သို့ ရောက်ရှိကြပြီး စက်ယန္တရားဖြင့် လမ်းပခုံး ပြုပြင်မြေညှိနေမှုနှင့် လမ်းပိုင်းပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နန့်ပြင်းခချောင်းတံတားအနီး ဗန်းမော်-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၄၈၀/၇)သို့ ရောက်ရှိကြရာ မြစ်ကြီးနားလမ်း တိုးတက်ပြုပြင်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၏ ဒုတိယစီမံကိန်းအင်ဂျင်နီယာ ဦးတင်မြင့်က ဗန်းမော်-မြစ်ကြီးနားလမ်း၏ မူလအခြေအနေနှင့် တိုးချဲ့ပြုပြင် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းပိုင်းအလိုက် ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။ အဆိုပါ မြစ်ကြီးနား-ဗန်းမော်လမ်း တိုးတက်ပြုပြင်မှုလုပ်ငန်းသည် လမ်းအရှည် မိုင် ၁၁၀ ရှိသည့်အနက် မြစ်ကြီးနားမှ ဒဘတ်ယန်အထိ ၂၄ မိုင်ကို အကျယ် ၂၈ပေရှိ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီး ဖြစ်သည်။ ၎င်းမှ ဒေါ့ဖုန်းယန်မြို့အထိ (၅၄/၆)မိုင်မှ ကျောက်ချောစီလမ်းဖြစ်ပြီး ယင်းမှ ခုနစ်မိုင်သုံးဖာလုံအရှည် မြေသားလမ်းကို တိုးချဲ့ပြုပြင်ပြီးဖြစ်၍ မူလကတ္တရာလမ်းကို မိုင် ၃၀ ကို လမ်းအကျယ် ၂၈ ပေအထိ တိုးချဲ့ပြုပြင်လျက်ရှိကာ သုံးမီတာမှ ရှစ်မီတာအရှည်ရှိ တံတား ၁၁၅စင်းကို တည်ဆောက်ပြီးကြောင်း သိရှိရသည်။

ဗန်းမော်-ဝိုင်းမော်လမ်းပိုင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တိုးတက်ပြုပြင် တည်ဆောက်ပြီးစီးသွားသည့် ဗန်းမော်-ဝိုင်းမော် လမ်းပိုင်း၏ ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ဒေသခံပြည်သူများ၏ မိုးစပါးစိုက်ခင်းများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် ခါးရှိကျေးရွာရှိ ခါးရှိကွင်း ဧက ၂၀၀ စိုက်ခင်းတွင် ဆင်းဧကရီ(၃) မိုးစပါးစိုက်ပျိုးထားရှိမှု၊ ခတ်ချိုကျေးရွာရှိ ခတ်ချိုစပါးဧက ၁၄၅၀ မိုးစပါး စံပြစိုက်ခင်းအခြေအနေ၊ ရွှေညောင်ပင်ကျေးရွာရှိ ကွင်းအမှတ်(၁၀၁) မဒါးအနောက်ကွင်း နယ်မြေခံတပ်ရင်း၏ မိုးစပါးဧက ၈၀ စိုက်ခင်းအခြေအနေနှင့် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးထားသည့် ကျွန်းပင်၊ ခြံစည်းရိုးကြက်ဆူပင်နှင့် စားဖိုဆောင်သုံး သီးနှံပင်များအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၄၆၀/၅) ဒဘတ်ယန်ကျေးရွာအနီးရှိ ကျောက်စီလမ်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

စံပြစိုက်ပျိုးရေးခြံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် အောင်ဂျာကျေးရွာရှိ ကချင်အထူးဒေသ(၂)၏ ဇဟိုစိုက်ပျိုးမွေးမြူရေးနှင့် သစ်တောထိန်းသိမ်းရေးဌာန စံပြစိုက်ပျိုးရေးခြံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကချင်အထူးဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စံပြခြံ ဒုတိယတာဝန်ခံ ဦးဘရန်ဆိုင်းက အောင်ဂျာစိုက်ပျိုးရေးခြံ၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တာဝန်ခံ ဦးဆင်ဝါးနော်က မဒီးယန်ဉယျာဉ်ခြံအတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြ၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နှစ်ရှည်သီးနှံ ရော်ဘာပင်များကို ဧကထောင်ချီ စိုက်ပျိုးရေး၊ တညင်းနှင့် ထောပတ်ပင်များကို တိုးချဲ့စိုက်ပျိုးရေး၊ ကျွန်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသော ခွင့်ပြုချက်များနှင့်အညီ ဆောင်ရွက်ရေး၊ လိုအပ်သောအကူအညီများကို တင်ပြတောင်းခံဆောင်ရွက်ရေးနှင့်စက်သုံးဆီအတွက် ကြက်ဆူပင်များပါ စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ၁၄၃ဧကရှိ အောင်ဂျာစံပြခြံအတွင်း စိုက်ပျိုးထားသည့် မက္ကဒေးမီးယား၊ လိုင်ချီး၊ ပျားလိမ္မော်နှင့် ခွံပွလိမ္မော်ပင်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

မဒီးယန်ဉယျာဉ်ခြံ

ဆက်လက်၍ ဧက ၃၀၀ ကျော်ရှိ မဒီးယန်ဉယျာဉ်ခြံသို့ သွားရောက်၍ ခြံအတွင်း စိုက်ပျိုးထားသည့် သီးနှံပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ရှိစိုက်ပျိုးထားသည့် သရက်၊ ငှက်ပျောပင်ကိုသာမက တညင်းပင်၊ ထောပတ်ပင်များကိုပါ တိုးတက်စိုက်ပျိုးရန် မှာကြားသည်။

ယင်းနောက် မဒီးယန်ဉယျာဉ်ခြံအတွင်း စိုက်ပျိုးထားပြီး သရက်၊ လိုင်ချီး၊ လိမ္မော်နှင့် ပျားလိမ္မော်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမသို့ ရောက်ရှိပြီး အရာရှိ စစ်သည်များနှင့်မိသားစုဝင်များအား တွေ့ဆုံ၍ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို စံနမူနာပြဖြစ်အောင် ဆောင်ရွက်ရေး၊ နှစ်ရှည်သီးနှံပင်များကို တိုးချဲ့စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည်ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲထွန်းအောင်က မြို့နယ်၏ အချက်အလက်များနှင့် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဒေသတိုးတက်ရန်ကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့သည် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်မြို့နယ်များကြားရှိ ဒေသဖြစ်၍ အုပ်ချုပ်ရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်တာများ ကောင်းမွန်အောင်မြို့နယ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် အထူးကြိုးပမ်း လုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဗန်းမော်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာတင်ညိုနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆောက်လုပ်ဆဲ ဆေးရုံအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်နှင့် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ဒေါ့ဖုန်းယန်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ပြည်နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တ ကောဝိဒအား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် ဘုန်းတော်ကြီးကျောင်း တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုးမောက်မြို့နယ် မြို့သစ်တပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် ဝိုင်းဝန်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြို့သစ်ကျေးရွာရှိ စံပြ မဟာသဒ္ဓမ္မဇောတိကာရုံကျောင်းသို့ သွားရောက်၍ ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂန္ဓမာအား ဖူးမြော်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဗန်းမော်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဩဂုတ် ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန Wide Area Network (WAN) အသုံးပြုနည်းသင်တန်းဖွင့်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ (WAN) အသုံးပြုနည်းသင်တန်းသား၊ သင်တန်းသူများ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်း မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဝန်ထမ်းမိသားစုများမှ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား တစ်ဦးချင်း ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အရေးပြိုင်ပွဲ

ရန်ကုန် အနောက်ပိုင်းခရိုင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၂၉ ရက်က အလုံမြို့နယ် အလုံခန်းမ၌ ကျင်းပရာ အရေးပြိုင်ပွဲပထမဆုရ ပွင့်စံပယ် (လမ်းမတော်)က တိုင်းရင်းသား အားမာန်သီချင်းဖြင့် ပြိုင်ပွဲဝင်နေစဉ်။

(၄၃)

ကာကွယ်ရေးဝန်ကြီးဌာနမှ

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်/ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများနှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာတတ်လူငယ်များ ပေါ်ထွန်းရေးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်ရေးရည်မှန်းချက်၏ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဆရာ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံအတွက် ထက်မြက်ထူးချွန်သူများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ပြည်နယ်အတွင်းပညာရေးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်သက်ဝင်းဖြိုးနှင့် သံတွဲမြို့အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မျိုးသန်းထွဋ်၊ အောင်ချက်အကောင်းဆုံးမြို့နယ်ဆုရရှိကြသော ပထမဆုရ သံတွဲမြို့နယ်၊ ဒုတိယဆုရ မင်းပြားမြို့နယ်နှင့်တတိယဆုရ ဂွမြို့နယ်တို့အား ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမ်းမြို့နယ်အတွက်ပညာရေးထောက်ပံ့ပစ္စည်းများဖြစ်သည့် ဗလာစာအုပ်၊ ခဲတံနှင့် ငွေကျပ်တစ်သိန်းတို့ကို ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပေးအပ်ရာ အမ်းမြို့နယ်ပညာရေးမှူး ဦးတင်ရွှေကလက်ခံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ဆုရ ကျောင်းများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကတိုင်းမှူး၏ ဇနီး ဒေါ်ကျော့ကျော့စံက တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပညာရည်ချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သက်ဝင်းဖြိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာစိန်လင်းနှင့်ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အမ်းမြို့နယ် ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအားအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာစိန်လင်းက လက်ခံသည်။

ယင်းနောက် ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာစိန်လင်းက ဆေးရုံသစ်ဆောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပိုမိုကြိုးစားဆောင်ရွက်ကြရေးနှင့် ဆေးရုံဝန်းကျင် သန့်ရှင်းသပ်ရပ် စိမ်းလန်းစိုပြည်ရေးကို အစဉ်တစိုက်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မင်းဘူး–အမ်း ကားလမ်း မိုင်တိုင်အမှတ်(၈၃/၅)ရှိ အမ်းမြို့နယ်ဌာနဆိုင်ရာများ၏ ရော်ဘာစိုက်ခင်းသို့ရောက်ရှိကြရာ အမ်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာက မြို့နယ်ရှိ ဌာနဆိုင်ရာ ၁၃ ခု၏ ဧက ၇၀ ၌ ရော်ဘာစိုက်ပျိုးပြီးစီးမှုနှင့် ယခုမိုးရာသီအကုန်ထိ လျာထားဧက၁၀၀ ပြည့်မီအောင် စိုက်ပျိုးရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် အမ်း–ပဒဲကြော–မအီ လမ်း မိုင်တိုင်အမှတ်(၃/၂)၌ ကုန်းမြင့်လယ်မြေစပါးနှင့် ရော်ဘာ ရောစပ်စိုက်ပျိုးထားသည့် ၁၀ ဧက စိုက်ခင်းနှင့် မိုင်တိုင်အမှတ်(၃/၀) နှင့် (၄/၀)အကြား စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အမ်းတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ ရော်ဘာ ၁၀ ဧက စိုက်ကွက်အမှတ်(၉)သို့ရောက်ရှိကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်က တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တောင်ယာကြောင့် သစ်တောများ ပြုန်းတီးမှုကို အစားထိုးသည့် စိုက်ကွက်၁၀ကွက် ဧက၁၂၀၀၌ ရော်ဘာများ စိုက်ပျိုးရန် လျာထားသည့်အနက် ဧက၃၅၀ စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးပင်တစ်သိန်းငါးသောင်းကျော် ပျိုးထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မိုင်တိုင်အမှတ်(၄/၀)နှင့် (၅/၀)အကြား လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးအုန်းလွင်က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မိုင်တိုင်အမှတ်(၅/၀)နှင့် (၆/၀)ကြားရှိ အမ်းတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များက တောင်ယာဟောင်းနေရာ၌ စိုက်ပျိုးထားသော ရော်ဘာစိုက်ကွက်အမှတ်(၁၀)၏ ၁၅ဧက၌ ရော်ဘာပင် ၃၀၀၀ စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် လမ်းတစ်လျှောက်၌ လမ်းဖောက်လုပ်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမ်း–ပဒဲကြော–မအီလမ်း၏ အမြင့်ဆုံးအပိုင်းဖြစ်သည့် အော်သကဲတောင်ထိပ်ရှိ မိုင်တိုင်အမှတ်(၁၇/၄)သို့ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးအုန်းလွင်က မိုင်တိုင်(၁၇/၄)မှ မိုင်တိုင်(၁၈/၀)အကြား မြေအနိမ့်၊အမြင့်မြေညှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပွင့်လင်းရာသီတွင် ယာဉ်ငယ်များသာမက ကားကြီးများပါ သွားလာနိုင်အောင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် အမ်း–ပဒဲကြော–မအီလမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးအုန်းလွင်က သတ်မှတ်လမ်းပုံစံ အနိမ့်၊အမြင့် မြေညှိခြင်း၊ အကျယ် ၁၆ပေ၊ အမြင့်တစ်ပေရှိ အမာခံကျောက်ခင်းခြင်း၊ သံကူကွန်ကရစ် ရေပြွန်များ တည်ဆောက်ခြင်း၊ ၁၆ပေအကျယ် တံတားများတည်ဆောက်ခြင်းလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မအီမြို့နယ် ပြင်ဝန်းစခန်းရှိ မအီ–ကျောက်ဖြူလမ်း စီမံကိန်းရှင်းလင်းဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

သို့ရောက်ရှိကြရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းညွှန့်က ရန်ကုန်–ကျောက်ဖြူလမ်း၊ မအီ–ကျောက်ဖြူလမ်းအတိုင်းညွှန်တောအတွင်း Geotextile နည်းဖြင့် လမ်းခင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရမ်းဗြဲမြို့မှ မင်းကြောင်းချောင်းတံတားသို့ ရမ်းသစ်ချေကျေးရွာမှတစ်ဆင့် ဖြတ်လမ်းဖောက်လုပ်ခြင်းဖြင့် မူလလမ်းဖြစ်သည့် ရမ်းဗြဲ–စနဲ လမ်းခွဲ–မင်းကြောင်း ချောင်းတံတားလမ်းထက် ခရီးမိုင် ၁၇မိုင် သက်သာမည်ဖြစ်၍ စောလျင်စွာ ပြီးစီးရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မအီ–ကျောက်ဖြူလမ်းရှိ လုံးတော်ပေါက်တံတား ကြံ့ခိုင်မှုအခြေအနေနှင့် ဝန်ဖိုက်ချောင်းတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မင်းကြောင်းချောင်းတံတား ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မအီ–ကျောက်ဖြူလမ်း မိုင်တိုင် (၇၃/၀)နှင့် (၇၄/၀)ကြားရှိ ကျောက်ဖြူတပ်နယ် ရော်ဘာဧက ၁၀၀ စိုက်ခင်းသို့ရောက်ရှိကြရာ ကျောက်ဖြူတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်အောင်က ရော်ဘာလျာထားဧက ၂၀၀ အနက် ၁၄၅ဧက စိုက်ပျိုးပြီးစီးမှု၊ ပျိုးပင်၁၂၀၀၀ ပျိုးထောင်ပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဗိုလ်မှူးချုပ်မော်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရော်ဘာကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေး၊ ဇီဝလောင်စာဆီထုတ်ယူနိုင်သည့် ခြစည်းရိုးကြက်ဆူပင်ကိုလည်း စနစ်တကျ စီမံချက်ရေးဆွဲပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးတို့ကိုမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့နယ် စနဲတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စနဲတိုက်နယ်ဆေးရုံခန်းမဆောင်၌ ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ အလှူရှင်များက အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒေါက်တာကျော်မြင့်က လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျောက်ဖြူတပ်နယ်ရှိ သတိုးမဟာဗန္ဓုလခန်းမ၌ ကျောက်ဖြူတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး၊ မိသားစုဝင်များ၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး လိုအပ်ချက်များကိုတာဝန်ရှိသူအဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များအားရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

❒ အာဖရိကမှ

ပညာရှင်တစ်စုကို ဦးဆောင်ကာ လေ့လာသုတေသန ပြုနေသူဖြစ်သည်။ သူမ၏သုတေသနပြုတွေ့ရှိချက်ကို ဩဂုတ် ၂၅ ရက်ထုတ် ဆဲလ်သိပ္ပံဂျာနယ်တွင် မျက်နှာဖုံးဆောင်းပါးအဖြစ် ပုံနှိပ်ဖော်ပြခဲ့သည်။ ဤတွေ့ရှိချက်သည် ရောဂါကုသရေးလုပ်ငန်းတွင် ထူးခြားသော တွေ့ရှိချက်ပင်ဖြစ်သည်ဟု ဆိုသည်။ ယင်းတွေ့ရှိချက်ကြောင့် အာဖရိက အိပ်ချင်ဖျားရောဂါနှင့် အခြားဆက်နွယ်သော ကပ်ပါးရောဂါများကို ကုသရာ၌ ဆေးဝါးသစ်များကို ဖော်ထုတ်နိုင်ရန် လမ်းစတွေ့ရပြီဖြစ်သည်ဟုဆိုသည်။

သက်ရှိတိရစ္ဆာန်မျိုးတိုင်း၏ဆဲလ်အပေါ်လွှာတွင် ဖက်တီးအက်ဆစ်ဓာတ်ပါရှိသည်။ ထိုဖက်တီးအက်ဆစ်အလွှာ မည်သို့ဖြစ်ပေါ်လာသည်ဆိုသောအချက်ကို သုံးနှစ်တာမျှ သုတေသနပြုလုပ်ပြီးနောက် ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ကပ်ပါးပိုး Trypanosome သည် လူ့ခန္ဓာအတွင်းရောက်သောအခါ အင်ဇိုင်းဓာတ်တစ်မျိုးကိုသုံး၍ လူ၏ခုခံအားစနစ်က ယင်းကို တိုက်ခိုက်နိုင်ခြင်းမရှိစေရန် ဖန်တီးထားလိုက်သည်။

ထိုဖြစ်စဉ်ကို နားလည်သဘောပေါက်လာခြင်းအားဖြင့် အာဖရိက အိပ်ချင်ဖျားအပါအဝင် အခြားကပ်ပါးပိုးများ၏ဒုက္ခပေးမည့်ဒဏ်မှကာကွယ်နိုင်မည့်ဆေးဝါးသစ်ကို ဖန်တီးနိုင်မည့် အခွင့်အလမ်း ရရှိစေမည်ဟု လီက ဆိုသည်။

လီနှင့်အဖွဲ့ လေ့လာသောအဓိကရောဂါမှာ အိပ်ချင်ဖျားရောဂါဖြစ်သည်။ ယင်းသည် စီစီယင်ကောင်ကိုက်ရာမှ ဖြစ်ပွားသော ရောဂါဖြစ်သည်။ ထိုရောဂါခံစားရပြီဆိုပါက အာရုံကြောထိခိုက်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ အိပ်မပျော်ခြင်းများခံစားရရာမှ သတိမေ့မြောခြင်းဖြစ်ပြီး သေသည်အထိ ဖြစ်ပွားနိုင်သည်။ ထိုရောဂါဖြစ်ပွားပြီဆိုပါက စောစီးစွာ သိရှိနိုင်ခြင်းမရှိဘဲများသောအားဖြင့် အချိန်လွန်မှသာ သိရလေ့ရှိသည်။

ဆာဟာရတိုက်ခွဲဒေသ ၂၆ နိုင်ငံတွင် ထိုရောဂါက နှိပ်စက်လေ့ရှိသည်။ ထိုရောဂါ ခံစားရသူပေါင်းမှာ ၃၀၀၀၀၀ မှ ၅၀၀၀၀၀အထိ ရှိကြောင်း ဆီတယ်လ်ဇီဝ ဆေးပညာသုတေသနဌာန၏ စာရင်းအင်းများက ဖော်ပြသည်။ **အင်တာနက်။**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀–၈–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၁၃၆၈ခုနှစ်၊တော်သလင်းလဆန်း ၈ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီ
၇း၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၁၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၂၀ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ Intermational News.
၈း၄၅ ၉။ Islands of Dhama
၈း၅၀ ၁၀။ **ဘဒ္ဒန္တ ကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဓမ္မာစရိယ (ဗေဒါလင်္ကာရ) ပရိယတ္တိစာသင်တိုက်၊ မြင်းခြံမြို့၊မန္တလေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူ တည်ဆောက်ခြင်း**
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာနတတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက–၁၊သာကေတ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ–ဒုတိယနှစ် (အထူးပြုအားလုံး)(အင်္ဂလိပ်စာ)
၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅း၁၅ ၆။ သီချင်းကြီးပဒေသာ
၅း၃၀ ၇။ မြန်မာစာ၊မြန်မာစကား
၅း၄၅ ၈။ **“တန်ဖိုး” (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ–သက်တင်)**
၅း၅၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ Japan Video Topic
၆း၅၀ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၂၀ ၁၄။ ရွှေလင်ပန်းတံတား
၇း၂၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၇း၃၅ ၁၆။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၅–၁၀နှစ်) (အမျိုးသား)
၇း၄၅ ၁၇။ လေးကျွန်းမာရ်အောင်စေတီတော် (သောတာပန်ရပ်၊စစ်ကိုင်းမြို့)
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **မြန်မာရုပ်ရှင် “ပယင်းရောင်” (ကောလိပ်ဂျင်နေဝင်း၊ ဒေစီကျော်ဝင်း) (ဒါရိုက်တာ–ခင်စိုး)**
၂၂။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

❊ ကျောဖုံးမှ

စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပခဲ့သည် Singapore Army Half Marathon -2006 ပြိုင်ပွဲကို ဩဂုတ် ၂၇ရက်တွင် ကျင်းပခဲ့ရာ မြန်မာ့တပ်မတော် ပြေးခုန်ပစ် အားကစားသမား ၁၄ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အလွတ်တန်း အသက်(၄၀)နှစ်အထက် ပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ မလေးရှား၊ အိန္ဒိယနှင့် ဗြိတိန်နိုင်ငံများမှ တပ်မတော်သား အားကစားသမားများ၊ စင်ကာပူနိုင်ငံမှ တပ်မတော်သားနှင့် ပြည်သူအင်အား ၆၅၀၀ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ရေ)မှ ဒုတိယအရာခံဗိုလ်လှသိန်းထွန်းက ပထမရွှေတံဆိပ်ဆုနှင့် ဆုငွေအမေရိကန်ဒေါ်လာ ၂၅၀ရရှိခဲ့သည်။

အလွတ်တန်းပြိုင်ပွဲတွင် တပ်မတော်(ကြည်း)မှ တပ်ကြပ်ကြီး မြတ်ဆုအောင်က န၀မဆုနှင့် ဆုငွေ အမေရိကန်ဒေါ်လာ ၁၅၀နှင့် တပ်မတော်(ကြည်း)မှ တပ်ကြပ်ကြီးခင်မောင်သန်းက ဒသမဆုနှင့် ဆုငွေ အမေရိကန်ဒေါ်လာ ၁၀၀ အသီးသီးရရှိခဲ့ကြသည်။

(သတင်းစဉ်)

Singapore Army Half Marathon-2006 ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုနှင့် ဆုငွေ အမေရိကန် ဒေါ်လာ ၂၅၀ ရရှိခဲ့သည့် ကာ ကွယ် ရေး ဝန် ကြီး ဌာ န တပ်မတော်(ရေ)မှ ဒုတိယ အရာခံဗိုလ် လှသိန်းထွန်း အား တွေ့ရစဉ်။ (သတင်းစဉ်)

မီတာဖတ်စနစ်သစ်ကို ပြည်သူများသိရှိရန် သတင်းစာများတွင် အတိအလင်းကြေညာထား ဝန်ကြီးဌာန၏ဂုဏ်သိက္ခာမညှိုးနွမ်းအောင် ဝန်ထမ်းအားလုံး စည်းကမ်းတကျလုပ်ကိုင်

ရန်ကုန် ဩဂုတ် ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်–အင်းစိန်လမ်းရှိ R.I.R ဓာတ်အားခွဲရုံသို့ရောက်ရှိရာ လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ရန်ကုန်–အင်းစိန်လမ်းရှိ R.I.R ဓာတ်အားခွဲရုံကို ဓာတ်အားစနစ်ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ စုစုပေါင်းတပ်ဆင်ဝန်အား ၃၃/၁၁ကေဗွီ ၁၀အမ်ဗွီအေထရန်စဖော်မာ သုံးလုံးဖြင့် လှိုင်မြို့နယ် မရမ်းကုန်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်များသို့ ၆ ဒသမ ၆ ကေဗွီဓာတ်အားလိုင်း ၁၁ လိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်–အင်းစိန်လမ်းရှိ R.I.R ဓာတ်အားခွဲရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ယင်းနောက် ဝန်ကြီးသည် ဓာတ်အားခွဲရုံအတွင်း ငွေလက်ခံကောင်တာ ဖွင့်လှစ်ထားရှိမှု၊ ဓာတ်အားခ ကောက်ခံရရှိမှုတို့ကိုလည်းကောင်း၊ ၃၃/၁၁ ကေဗွီ ၁၀အမ်ဗွီအေထရန်စဖော်မာများ ဓာတ်အားရယူ၍ ပြန်လည်ဓာတ်အား ဖြန့်ဖြူးပေးနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

တည်ဆောက်ပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁)တွင် တည်ရှိသော ဆင်နှစ်ကောင်ကုမ္ပဏီ၏ သံထည်တည်ဆောက်မှုစက်ရုံသို့ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဖေက စက်ရုံအတွင်းသံထည် တည်ဆောက်မှုလုပ်ငန်းရှိ စက်ယန္တရားများ၊ စက်ကိရိယာများဖြင့် သံပြားများ ပုံဖော်ဖြတ်တောက်ခြင်း၊(Shape Cutting) သံပြားများ ဓားခြင်းဖော်ခြင်း၊ (Bevelling Catting)လေဆိပ်အဆောက်အအုံများအတွက် တည်ဆောက်ပေးလျက်ရှိသော လေယာဉ်တက်တံတားများထုတ်လုပ်တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ သံပေါင်များသံချေးချွတ်ခြင်းလုပ်ငန်းများ GSM တာဝါတိုင်များ ထုတ်လုပ်နေမှုနှင့် သံပြားလိပ်များကို လိုအပ်သောအတိုင်းအတာအတိုင်း ဖြတ်တောက်မှုများကို လည်းကောင်း၊ အမိုးပါလင် (Purline) ထုတ်လုပ်နေမှုနှင့် ရောင်စုံအမိုးပြားများ ထုတ်လုပ်နေမှုများ၊ သံပိုက်အမျိုးမျိုး ထုတ်လုပ်မှု လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက Power Transmissio Tower တိုင်များ အမြန်ဆုံး ထုတ်လုပ်နိုင်ရန် ဆောင်ရွက်စေလိုကြောင်း မှာကြားပြီး စက်ရုံအတွင်း လျှပ်စစ်ဓာတ်အား ရရှိမှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အား စက်မှုဇုန်ခွဲရုံးမှ ၆၆/၁၁ ကေဗွီ ၃၀အမ်ဗွီအေတစ်လုံး၊ ၃၃/၁၁ကေဗွီ ဒဂုံ(တောင်)ခွဲရုံ ၃၅ အမ်ဗွီအေတစ်လုံး၊ ၃၃/၆ဒသမ ၆ကေဗွီ ရွာသာကြီးခွဲရုံ(၇)အမ်ဗွီအေဖြင့် ဓာတ်အားပို့လွှတ်ထားပြီး အများပြည်သူများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေမှုကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ စက်မှုဇုန်သုံးခုအတွက် MTEF၃၃/၁၁ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံ စက်မှုလယ်ယာ ၃၃/၁၁ကေဗွီ ၃ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် Asia World ၃၃/၁၁ ကေဗွီ ၁ ဒသမ ၂၅ အမ်ဗွီအေဓာတ်အားခွဲရုံ တိုးမြှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် ဓာတ်အားသုံးစွဲခ ကောက်ခံရရှိမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ဝန်ကြီးနှင့် အဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေအိုးက ဒဂုံမြို့သစ်(မြောက်ပိုင်း)အနေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားရာတွင် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ပိုမိုအလေးထားဆောင်ရွက်စေလိုကြောင်း၊ မိမိတို့၏ ဝန်ကြီးဌာန ဝင်ငွေတိုးတက်ရေးအတွက် ဝန်ထမ်းများအားလုံးစည်းလုံးညီညွတ်စွာလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း၊ အခြေခံအကျဆုံး ဝန်ထမ်းများဖြစ်သည့် မီတာဖတ်စာရေးများအနေဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်စေလိုကြောင်း၊ မီတာဖတ်သည့် စနစ်သစ်ကိုလည်း ပြည်သူများသိရှိနိုင်ရန် သတင်းစာများတွင် အတိအလင်းကြေညာထားပေးပြီးဖြစ်ကြောင်း၊ မီတာများကိုဖတ်ရှုရာတွင် တိကျမှုမရှိပါက ယူနစ် လျော့နည်းပျောက်ဆုံးမှုတို့ဖြစ်စေမှာဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာမညှိုးနွမ်းအောင် ဝန်ထမ်းများအားလုံး ညီညီညွတ်ညွတ်ဖြင့်စည်းကမ်းတကျလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

မှတ်တမ်းပြုစုထား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ၃၃/၁၁ ကေဗွီ ကုန်ပဒေသာ ဓာတ်ခွဲရုံသို့ ရောက်ရှိလာပြီး မြို့နယ်အတွင်းသို့ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် ၃၃ ကေဗွီ သာကေတ–ဒဂုံ(မ) ဓာတ်အားလိုင်းပေါ်မှ ဓာတ်အားလိုင်း ၅ ဖီဒါခွဲဝေ၍ ဓာတ်အားဖြန့်ဖြူးထားရှိမှု ဓာတ်အားခွဲရုံရှိ ဓာတ်အားသုံးစွဲမှု အခြေပြဇယားကို နာရီစဉ်အလိုက် မှတ်တမ်းပြုစုထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများသည် နေ့မအားညမနားဆောင်ရွက်ကြရသူများဖြစ်ပြီး နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ ရည်မှန်းချက် အောင်မြင်ရန် ပိုမိုကြိုးစားလုပ်ကိုင်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၌ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်နှင့် တာဝန်ရှိသူများ ဆရာတော်ထံ ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ဆွမ်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၂၉

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းတို့အားအမှူးထား၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၌ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်အပါး ၄၅၀တို့အား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မိုးကုတ်ဆွမ်းစား ကျောင်းဆောင်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဥတ္တမ ကြွရောက်တော်မူပြီး သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အခမ်းအနားတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဥတ္တမထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယနာယကချုပ် ဆရာတော်ထံ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းတို့ ကိုယ်စား ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးဝင်းတည်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၂၅၀၀၀၀ ကို ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်က သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြင့်ကြည်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယနာယကချုပ် ဆရာတော်ထံမှပရိသတ်များက ရေစက်ချအနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

(သတင်းစဉ်)

ဇီဝမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
သစ်တောတွေ
ထိန်းသိမ်းစို့

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကကြီးမှူး၍ (၁၃)ကြိမ်မြောက် အာဆီယံစာပို့တိုက်လုပ်ငန်း အစည်းအဝေးတွင် အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့် အမှာစကားပြောကြားစဉ်။
(ဆက်သွယ်ရေး)

(၁၃)ကြိမ်မြောက် အာဆီယံစာပို့တိုက်လုပ်ငန်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းကကြီးမှူး၍ (၁၃)ကြိမ်မြောက် အာဆီယံစာပို့တိုက် လုပ်ငန်း အစည်းအဝေး (13^{th} ASEAN Postal Business Meeting)ကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ စတင်ကျင်းပပြီး ဩဂုတ် ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံစာပို့တိုက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်၊ဗီယက်နမ်၊ ဘရူနိုင်း၊မြန်မာ၊ မလေးရှား၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စာပို့တိုက်လုပ်ငန်းဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ထို့အပြင် ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့မှ စာတိုက်အကြီးအကဲများလည်း တက်ရောက် လေ့လာကြသည်။ အဆိုပါ အစည်းအဝေးတွင် ဝန်ကြီး၏ကိုယ်စား အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။

အစည်းအဝေး၌ အာဆီယံဒေသအတွင်း စာပို့တိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသအတွင်း နိုင်ငံအချင်းချင်း လုပ်ထုံးလုပ်နည်းဆိုင်ရာ မူဝါဒ၊ လမ်းညွှန်ချက်များကို ဆွေးနွေးညှိနှိုင်းချမှတ်မှုများနှင့် အာဆီယံနိုင်ငံများအတွင်း အပြည်ပြည်ဆိုင်ရာ စာပို့တိုက်လုပ်ငန်းများ တစ်ပြေးညီဖြစ်စေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ထံသို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ ဒေါ်မြင့်မြင့်အေးက ကျပ် ၁၅၀၀၀၀လှူဒါန်းစဉ်။
(က–ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် မူလတန်းကျောင်းများသို့ စာသင်ခုံများ၊ စာရေးကိရိယာများနှင့် အဝတ်အထည်များလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းအတွက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၅)၊ အမှတ်(၁၁)၊ အမှတ်(၁၂)၊ အမှတ်(၁၄)၊ အမှတ်(၁၅)နှင့် အမှတ်(၂၁)ကျောင်းများသို့ စာသင်ခုံများ၊ စာရေးကိရိယာများနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၅)ရပ်ကွက် ဗိုလ်ဥတ္တမလမ်းရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၅)၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က စာသင်ကျောင်းများသို့ စာသင်ခုံနှင့် အထောက်အကူပစ္စည်းများ လှူဒါန်းခြင်းနှင့် ပညာရေးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဒဂုံမြို့သစ် အရှေ့ပိုင်း မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းအမှတ်(၅)သို့ စာသင်ခုံ ၁၀စုံ၊ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၁)သို့ စာသင်ခုံ ၂၅စုံ၊ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၂)သို့ စာသင်ခုံ ၁၂စုံ၊ အခြေခံပညာမူလတန်းကျောင်းအမှတ်(၁၄)သို့ စာသင်ခုံ ၁၀စုံ၊ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၅)သို့ စာသင်ခုံ အစုံ ၂၀နှင့် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၂၁)သို့ စာသင်ခုံ ၃၃စုံတို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါ်ညွန့်ညွန့်ဦး၊ စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း) ဆရာမကြီးဒေါ်သိန်းဆိုင် မြတ်လေးရုံမိသားစုက တန်ဖိုးငွေကျပ်တစ်သိန်းခွဲရှိ ခဲတံများ ပေးအပ်လှူဒါန်းရာ အခြေခံပညာမူလတန်းကျောင်း အမှတ်(၅) ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ဆက်လက်၍ ပုလဲကျန်းမာရေး မိသားစု စေတနာရှင် အလှူရှင်များက ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၂၂ ကျောင်းတို့သို့ ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ အဝတ်အထည်များ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

ကျေးဇူးတင်

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ပညာရေးမှူး ဦးလက်ကျင်ခုတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပညာပေးဟောပြော

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၃)ရပ်ကွက် ယောမင်းကြီးလမ်းရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)သို့ သွားရောက်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ဆရာမကြီးများ၊ ဆရာဆရာမများ ၃၅၀နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းရည်ရွယ်ချက်များ၊ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ပညာရေး အထောက်အကူပြုလုပ်ငန်းများအတွက် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို လည်းကောင်း၊ စီမံရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်ဆန်းက လူကုန်ကူးမှုအန္တရာယ် သတိပြုဖွယ် ခေါင်းစဉ်ဖြင့်လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်အဆိုပြုလွှာ ၁၂၃၀ကို စုပေါင်းပေးအပ်ကြရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံများကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။
(မြို့တော်စည်ပင်)

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံ မူကြိုအရွယ် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ဆရာမများ သင်တန်း(၁/၂၀၀၆)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မူကြိုအရွယ် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ဆရာမများသင်တန်း(၁/၂၀၀၆) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ရခိုင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မူကြိုအရွယ် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ဆရာမများသင်တန်း (၁/၂၀၀၆)ဖွင့်ပွဲကို ဩဂုတ် ၁၅ရက် နံနက် ၉နာရီတွင် စစ်တွေမြို့ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ရုံးခန်းမ၌ ကျင်းပသည်။

သင်တန်း၌ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်များမှ သင်တန်းသူ ၂၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိန္ဒိယ–မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့ အခြေစိုက် Indo-Myanmar Chamber of Commerce & Industries ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. G.S. Sharma နှင့်အဖွဲ့သည် ဩဂုတ် ၂၈ရက်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး စက်တင်ဘာ ၅ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်မည့် Indo-Myanmar CCI ဥက္ကဋ္ဌ Mr. G.L Goenka ခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၅ဦးပါ ကိုယ်စားလှယ်အဖွဲ့နှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပလိုသည့်ကိစ္စ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ ဘိုင်လာပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ လက်မှုပညာပစ္စည်း၊ စက်ကိရိယာပစ္စည်း၊ အစားအသောက်အရောင်တင်ဆေးပစ္စည်း စသည့်ပစ္စည်းများ ရောင်းချလိုသူများနှင့် ဝယ်ယူလိုသူများအချင်းချင်း မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၅ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တည်ရှိရာ UMFCCI Office Tower အဆောက်အအုံ၌ ကျင်းပလိုသည့် ကိစ္စတို့ကိုဆွေးနွေးကြသည်။

စီးပွားရေးလုပ်ငန်းများအလိုက် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံဆွေးနွေးလိုသည့် စီးပွားရေးလုပ်ငန်းရှင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)ဖုန်း– ၂၁၄၃၄၄ မှ ၂၁၄၃၄၉ အတွင်းရှိ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာဂေါက်သီးရိုက်အသင်းမှ အသင်းသားဖြစ်သူ ကိုသက်ဇော်လှိုင် (ခ) ကိုဖြိုးသည် ကစားဖော်များဖြစ်ကြသော ကိုသီဟ၊ Kalvin၊ ကိုအောင်ခန့်ဖြိုးတို့နှင့်အတူ ဩဂုတ် ၂၆ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON Z-UR နံပါတ်(၃) ဘောလုံးကို Maxfli HI-BRID Iron နံပါတ်(၉)တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၅ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိုးရာသီကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲတွင် အနိုင်ရရှိသော ဘုရင့်နောင်အသင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

သားသမီးအပေါ် မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါကာ

“စတုတ္ထနှစ် ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ”

၂၀၀၆ ခုနှစ်စက်တင်ဘာလ (၃)ရက် (တနင်္ဂနွေနေ့) (ပထမအကြိမ်)
၂၀၀၆ ခုနှစ်အောက်တိုဘာလ (၁)ရက် (တနင်္ဂနွေနေ့) (ဒုတိယအကြိမ်)

(မန္တလေးတိုင်း(၃၁)မြို့နယ်၊ မကွေးတိုင်း (၁၄)မြို့နယ်၊ စစ်ကိုင်းတိုင်း(၁၈)မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) (၁၄)မြို့နယ်နှင့် ကချင်ပြည်နယ် (၃)မြို့နယ်)

အသက် ၅ နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

အပူပိုင်းသစ်တောများ ထိန်းသိမ်းပြုပြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

ကမ္ဘာ့နိုင်ငံများ၌ အဆင့်အတန်းလျော့ကျနေသော အပူပိုင်း သစ်တောများ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းအတွက် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သည့် အဖွဲ့အစည်း (ITTO) ၏ လမ်းညွှန်ချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဆွစ်ဇာလန်နိုင်ငံ Intercooperation အဖွဲ့မှ Dr. James Kwizera Gasana က အမှာ စကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)များ ဖြစ်ကြသည့် ITTO, FREDA နှင့် သစ်တောစိုက်ခင်းထူထောင်မည့် ပုဂ္ဂလိကကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အပူပိုင်းဒေသသစ်တောများ ထိန်းသိမ်းပြုပြင်ခြင်း၊ ပြန်လည် ထူထောင်ခြင်းများတွင် လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအပူပိုင်းဒေသ သစ်နှင့်ပတ်သက်သည့် အဖွဲ့အစည်း (ITTO) နှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့က ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ဩဂုတ် ၂၈ ရက်မှ ဩဂုတ် ၃၁ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့နိုင်ငံများ၌ အဆင့်အတန်းလျော့ကျနေသောအပူပိုင်းသစ်တောများ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းအတွက် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သည့် အဖွဲ့အစည်း၏ လမ်းညွှန်ချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြားစဉ်။

(သစ်တော)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ ပံ့ပိုးသော ဗလာစာအုပ်များကို မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်လင်းက မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြင့်သိန်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မူလတန်းကျောင်းများသို့ ဗလာစာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ ပံ့ပိုးသော ဗလာစာအုပ် ၁၁၅၁၉၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက် မွန်းလွဲ ၂နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်လင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဗလာစာအုပ်များကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမြင့်သိန်းထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမြင့်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဲခေါင်ဒေသ အားကစားပြိုင်ပွဲအတွက် ခြေစမ်းဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

မဲခေါင်ဒေသ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန်အတွက် အသက်(၂၀) အောက် လူငယ်ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရေးအတွက် ခြေစမ်းဘောလုံးပြိုင်ပွဲနှစ်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်သည်။

ပထမပွဲအဖြစ် ဩဂုတ် ၃၀ ရက် ညနေ ၃နာရီခွဲတွင် ပဏာမလက်ရွေးစင် (က)အသင်းနှင့် ပဏာမလက်ရွေးစင် (ခ)အသင်းတို့ကလည်းကောင်း၊ ဒုတိယပွဲအဖြစ် စက်တင်ဘာ ၂ ရက် ညနေ ၃နာရီခွဲတွင် ဘဏ္ဍာ/အခွန်အသင်းနှင့် ပဏာမ လက်ရွေးစင်အသင်းတို့ကလည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဂိတ်ဝင်ကြေး

ယင်းခြေစမ်းဘောလုံးပြိုင်ပွဲအတွက် အောင်ဆန်းကစားပြိုင်ဝင်း ဂိတ်ဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၃၀၀နှင့် ရိုးရိုးတန်းငွေကျပ် ၁၀၀ သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံအရှင်ဝိလာသ ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၉

ဧရာဝတီတိုင်း ဖျာပုံမြို့ (၁၂) ရပ်ကွက်၊သိမ်ကုန်းကျောင်းတိုက်အတွင်း၌ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ (တော်သလင်းလဆန်း ၉ ရက်မှ တော်သလင်းလပြည့်နေ့အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရား စခန်းပွဲတွင် ဖျာပုံမြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက်မှ မိုးကုတ် နယ်လှည့်ဓမ္မကထိက တရားဟော တရားနည်းပြကမ္မဋ္ဌာနာစရိယ ဖျာပုံ အရှင်ဝိလာသ (ဓမ္မာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

အင်တာနက်အားကစားသတင်းများ

မစ်ဒယ်ဘရော့ အသင်းကို ပို့စ်မောက်အသင်း အနိုင်ရ

မစ်ဒယ်ဘရော့ (အင်္ဂလန်) ဩဂုတ် ၂၆

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို တနင်္လာနေ့က ဆက်လက်ကျင်းပရာ ပို့စ်မောက်အသင်းက မစ်ဒယ်ဘရော့အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ရေးဖားဆိုက်ကွင်း၌ကျင်းပသောပွဲတွင် အနိုင်ရရှိလိုက်သော ပို့စ်မောက်အသင်းသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယားတွင် ဒုတိယနေရာသို့ တက်လှမ်းနိုင်သည်။

ကန်သွင်း

အိမ်ရှင်အသင်းဘက်သို့ ထိုးဖောက်ကာ အဖွင့်ဂိုးသွင်းပေးနိုင်သူမှာ ကာနူးဖြစ်သည်။ ပွဲချိန် ၆ မိနစ်တွင် ကာနူးက အနီးကပ်ကန်သွင်းနိုင်ခဲ့သည်။

ပွဲချိန် ၄၉ မိနစ်တွင် တွမ်ဝါ ရူဝါရီက ဒုတိယမြောက်ဂိုးကို သွင်းပေးခဲ့ပြီးနောက် ပွဲချိန် ၅၆ မိနစ်တွင် ကာနူးကပင် ထပ်မံဂိုးသွင်းနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၉၀တွင် တိုဒိုရော့ဗ်က ပွဲသိမ်းဂိုးကိုသွင်းယူသည်။

အင်တာနက်။

ပို့စ်မောက်အသင်းမှ တိုဒိုရော့ဗ်က စတုတ္ထဂိုးသွင်းယူရာ မစ်ဒယ်ဘရော့ဂိုးသမား မာ့ခ်ရှာဝါဇာ မကာကွယ်နိုင်ဘဲရှိနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံမှ ဆယ်ကျော်သက်ဂိုးသမား အင်တာမီလန်အသင်းတွင် အစမ်းကစားမည်

ပေကျင်း ဩဂုတ် ၂၉

တရုတ်နိုင်ငံရှိ ရှန်ဟိုင်းယူနိုက်တက်အသင်းမှ အသက် (၁၇)နှစ်အရွယ် ဂိုးသမားလေး ဝန်ဒါလီသည် အင်တာမီလန်အသင်းတွင် ရက်သတ္တတစ်ပတ်ကြာမျှ အစမ်းကစားနိုင်ရန် အီတလီနိုင်ငံသို့ အင်္ဂါနေ့တွင် ထွက်ခွာသွားကြောင်း ရှန်ဟိုင်းဒေလီသတင်းစာက ရေးသားဖော်ပြသည်။

ဆယ်ကျော်သက်ရွယ် ဘောလုံးသမား ဝန်ဒါလီသည် တရုတ်လက်ရွေးစင်အသင်းတွင် ပါဝင်ကစားရန် ပြီးခဲ့သည့် ရက်သတ္တပတ်က ဆင့်ခေါ်ခံခဲ့သည်။ ဝန်ဒါလီနှင့်အတူ ရှင်ကျင့်ကင်းဝေး ဘောလုံးအသင်းမှ အသက် (၁၉) နှစ်အရွယ်ရှိ တိုက်စစ်မှူး ကျန်ဝင်ကျို့သည် အီတလီနိုင်ငံသို့ လိုက်ပါသွားသည်။

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲလောကအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ဝန်ဒါလီ၏ ကြိုးပမ်းမှုများကို မိမိတို့ ထောက်ခံကြောင်း တရုတ် စူပါလိဂ်ပြိုင်ပွဲဝင်အသင်းဖြစ်သော ရှန်ဟိုင်း ယူနိုက်တက်အသင်းက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***

တိုက်စစ်မှူး မီဒိုနှင့်လက်မှတ်ရေးထိုးရန် စပါးအသင်း သဘောတူညီပြီ

လန်ဒန် ဩဂုတ် ၂၉

အီဂျစ်လူမျိုး တိုက်စစ်မှူး မီဒိုနှင့် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးရန် တော့တင်ဟမ်ဟော့စပါးအသင်းက သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၂၀ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပါဝင်ကစား

အသက် (၂၃) နှစ်အရွယ်ရှိ တိုက်စစ်မှူး မီဒိုသည် အေအက်စ်ရိုးမားမှ ၁၈ လသက်တမ်းရှိ အငှားစာချုပ်ဖြင့် စပါးအသင်းတွင် ပါဝင်ကစားခဲ့သည်။

မီဒိုအား ငှားရမ်းထားမှုသက်တမ်းကုန်ဆုံးခဲ့ချိန်မှစ၍ ၎င်းအား ပြန်လည်ခေါ်ယူနိုင်ရန် မိမိတို့ ကြိုးပမ်းခဲ့ကြောင်း စပါးအသင်း၏ နည်းပြ မာတင်ဂျိုးက ပြောကြားသည်။

မီဒိုသည် စပါးအသင်း၌ ကစားခဲ့ရာတွင် ၎င်းကိုယ်တိုင် ကျေနပ်အားရမှုများရှိခဲ့သည်။ မီဒိုသည် စပါးအသင်းတွင် ဆက်လက်ကစားရန် လိုလားခဲ့သော်လည်း အသင်းပြောင်းရွှေ့ကြေးပြဿနာ ပေါ်ခဲ့သည်။ အေအက်စ်ရိုးမား အသင်းသည် အသင်းပြောင်းရွှေ့ကြေးအဖြစ် ပေါင်ငွေ ငါးသန်း တောင်းဆိုမှုကို စပါးအသင်းက လက်ခံနိုင်ခြင်းမရှိခဲ့ပေ။

၁၁ ဂိုးသွင်း

မီဒိုသည် လွန်ခဲ့သည့် ဘောလုံးရာသီတွင် စပါးအသင်းအတွက် ၂၇ ပွဲကစားခဲ့ရာ၌ ၁၁ ဂိုးသွင်းနိုင်ခဲ့သည်။ ***အင်တာနက်။***

အီဂျစ်လူမျိုး တိုက်စစ်မှူး မီဒို။

(ဓာတ်ပုံ–အင်တာနက်)

လားရှိုးဒီဂရီကောလိပ် ဘာသာရပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ်၂၃ရက်က လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပရာ အနိုင်ရရှိသွားသော ရူပဗေဒဌာနအသင်းအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် တံခွန်စိုက်ဖလားချီးမြှင့်စဉ်။ (လားရှိုးဒီဂရီကောလိပ်)

၂၀၀၆ ခုနှစ် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက်က ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ပထမရွှေ့ကွက်ရွှေ့၍ စတင်ဖွင့်လှစ်ပေးစဉ်။ (အား/ကာ)

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဘဏ္ဍာ/အခွန်နှင့် ပြည်ထဲရေးဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့နံနက်ပိုင်းက ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ကျင်းပသည်။

အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းက ပထမ၊ ပြည်ထဲရေးအသင်းကဒုတိယ၊ ဆောက်လုပ်ရေးအသင်းနှင့် ကာကွယ်ရေးအသင်းတို့က ပူးတွဲတတိယ ရရှိသွားသည်။

အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းက ပထမ၊ ကာကွယ်ရေး (က)အသင်းက ဒုတိယ၊ ဘဏ္ဍာ/အခွန်အသင်းနှင့် ကာကွယ်ရေး(ခ)အသင်းတို့က ပူးတွဲတတိယရရှိကြသည်။

အကောင်းဆုံးအားကစားသမားဆုကို ပို့ဆောင်ရေးအသင်းမှ သက်ကိုကိုလတ်နှင့် ပြည်ထဲရေးအသင်းမှ မတင်တင်သန်းတို့က ဆွတ်ခူးသွားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသောဘဏ္ဍာ/အခွန်အသင်း**(အောက်ပုံ)** နှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော ပြည်ထဲရေးအသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်(အေရှားပွိုင့် ဘိုးလင်းစင်တာ – မန်နေဂျင်းဒါရိုက်တာ)၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်သိန်း၊ အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း) နှင့် အမှုဆောင်များက တစ်ဦးချင်းဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။ (ကြေးမုံ)

ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ဝါတွင်းကာလ ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅) ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တ နရပတိ (သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) ဖြူးဆရာတော်ကြီး ကိုယ်တိုင် မဟာစည် သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို စက်တင်ဘာ ၇ ရက် (ကြာသပတေးနေ့)မှ စက်တင်ဘာ ၁၆ ရက် (စနေနေ့)အထိ ၁၀ရက်တိုင်တိုင် ဟောပြောပို့ချမည်ဖြစ်ပါ၍ ပွားများအားထုတ်လိုသော ယောဂီများသည် စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီအရောက် အိပ်ရာလိပ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပါ တစ်ပါတည်းယူဆောင်လာကြရမည်ဖြစ်သည်။

ဆွမ်းလှူဒါန်းလိုသော အလှူရှင်များသည် ရိပ်သာဖုန်း–၅၃၀၀၆၈(လိုင်းခွဲ–၁၈၁)၊ ၀၉၅၀–၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရွှေသင်းအရှင်သုန္ဒရဓမ္မ တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း အောက်ကျင်းရပ် ဘေးမဲ့ရိပ်သာအထက်ခြံကျောင်းတိုက် ပဓာနနာယက ဆရာတော် ရွှေသင်းအရှင်သုန္ဒရဓမ္မသည် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် မုတ္တမမြို့ အောင်မင်္ဂလာကျောင်းတိုက်နှင့် ည ၇နာရီတွင် အောက်ကျင်းဓမ္မာရုံတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ပန်းပေါင်း ၈၄၀၀၀ လှူဒါန်းပူဇော်မည်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကင်းမြို့နယ် ပညာဝတီရိပ်သာ ကျောင်းတိုက်အတွင်းရှိ ဣန္ဒာသယ ဆုတောင်းပြည့် စေတီတော်ကြီးအား သုတ်ဝိနည်းအဘိဓမ္မာ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ တို့အား ပညာဝတီရိပ်သာ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇာဂရအား (၂၈)ကြိမ်မြောက် ဓမ္မက္ခန္ဓာတစ်ဆူလှူ၍ ပန်းတစ်ပွင့်ကျ ရည်မှန်းပြီး ပန်းပေါင်း ၈၄၀၀၀ တို့ဖြင့် လှူဒါန်းပူဇော်မည်ဖြစ်ရာ စက်တင်ဘာ ၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီမှ ည ၈နာရီအထိ မည်သူမဆို လာရောက် ပူဇော်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၃၀–၈–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သူချစ်ကိုယ်ချစ်မေတ္တာစစ် တရားတော် (အရှင်ဆေကိန္ဒ) (အပိုင်း–၂)
၇း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၅	နိုင်ငံတကာအနုပညာရေးရာ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ထက်မြက်ထူးခြား Arkido အားကစား
၈း၃၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅	ကလေးတို့အတွက် လက်ဆောင် (ဖွန်းနှင့်ခွက် ရုပ်ခေါက်နည်း)
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	မောင်မြန်မာလျှပ်စစ်စက်ဘီး (ရှီဝေယံ၊ ပုလဲဝင်း)
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာ ဦးအောင်မွန်(မြတ်ဆုမွန်)နှင့် တွေ့ဆုံခြင်း]
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ "ရေဆိုးသန့်စင်စက်ရုံ"က ကူညီမှာ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	Midweek Sports News
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	MyanmarVideo Rhythm
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	မြန်မာစာ၊ မြန်မာစကား(၅)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ ဦးအောင်ဝင်းအားရည်စူး၍ မိခင်ဒေါ်ရှုကီအား အမှူးထား၍ ရန်ကုန်မြို့ ဘုရင်နောင်ပွဲရုံ ရေတမာလမ်းနေ ကိုမောင်မောင်လွင်(ကြက်သွန်ဖြူပွဲရုံ) မိသားစုက အလှူငွေ ကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးဝိနယ(ဝံသမေဒိနီစာသင်တိုက်) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါနအလှူတော်အတွက် ဘောက်ထော်ပြည်သာယာ မြရတနာလမ်းနေ ဦးမင်းနိုင်–ဒေါ်ခင်အေးကြူမိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော်အရှင်ခေမာသိရီလင်္ကာရ ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကျိုက္ကစံ ဆံတော်ရှင်စေတီတော် အရှေ့ဘက်သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသော သတ္တဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲနှင့် ဓာတ်ကြီးလေးပါးဆွမ်းကပ်လှူပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက်က ကျင်းပရာ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ အာသဘ တရားတော်များ ဟောကြားချီးမြှင့်စဉ်။ (၅၀၆)

ပေါ့ဆမှုကြောင့် မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင်ချောင်း ရွှေမန်းဝင်းဆိပ်ခံတံတား၌ ဩဂုတ် ၂၃ရက် ည ၈နာရီတွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ ရဲရင့်အောင် ငါးဖမ်းတစ်ထပ်စက်လှေ၏ လူနေခန်းတစ်ခန်း၊ ခေါင်မိုး၊ ဆီသိုလှောင်ခန်းနှင့် ပစ္စည်းကိရိယာများ ငွေကျပ် ၁၅ သိန်းဖိုးခန့် ဆုံးရှုံးသွားကြောင်း သိရသည်။

အလားတူ မကွေးတိုင်း ရေနံချောင်းမြို့နယ် ဖရဲကျွန်းကျေးရွာ ဦးချစ်တီး၏ နေအိမ်၌ ဩဂုတ် ၂၆ရက် ည ၁၂နာရီခန့်တွင် ဖယောင်းတိုင်မီးမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ အိမ် ၁၀လုံး၊ အိမ်ထောင်စု ၁၀စု၊ လူ ၄၄ ဦး မီးဘေးဒုက္ခရောက်ရပြီး ငွေကျပ် ၁၁ သိန်းဖိုးခန့် ဆုံးရှုံးသွားသည်။

ထို့အတူ ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် ဇ–မြောက်ရပ်ကွက် နတ်စင်ပြွန်လမ်း ခြံအမှတ်(၂၀)ရှိ ရွှေခရစက္ကူစက်၌ ဩဂုတ် ၂၇ရက် နံနက် ၂နာရီခန့်တွင် စက္ကူများ အပူပေးရာမှ မီးလောင်မှုဖြစ်ပွားရာ စက္ကူကတ်ထူချပ်ပြားများ၊ စက္ကူများ၊ နှစ်ထပ်တိုက် အပေါ်ထပ်တစ်ခုလုံးနှင့် လေအေးပေးစက်တစ်လုံး မီးလောင်ခံရပြီး တန်ဖိုးငွေကျပ်သိန်း ၂၀ ခန့် ဆုံးရှုံးသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အမ်းမြို့ နယ်မြေခံတပ်များမှ အရာရှိ စစ်သည် မိသားစုဝင်များနှင့်တွေ့ဆုံ အမ်း-ပဒဲကျော-မအီလမ်း၊ မအီ-ကျောက်ဖြူလမ်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

ရခိုင်ပြည်နယ် အမ်းမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့်ဌာနဆိုင်ရာများလိုက်ပါလျက် ဩဂုတ် ၂၆ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် အမ်းမြို့ နယ်မြေခံတပ်နယ် အမ်းတောင်ခန်းမသို့ရောက်ရှိပြီး နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံသည်။

မှာကြား

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ရေး၊ ဓိဝဒီဇယ်ဆီရရှိနိုင်သည့် ကြစည်းရိုးကြက်ဆူပင်များကို မြေကွက်လပ်မကျန် စိုက်ပျိုးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရေး မှာကြားပြီး အရာရှိ၊ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အမ်းမြို့ ဒေသဖွံ့ဖြိုးရေးရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ရခိုင်ပြည်နယ် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အောင်ပွဲရ မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် Singapore Army Half Marathon -2006 ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အောင်ပွဲရမြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို ကိုင်ဆောင်၍ နံနက် ၁၁နာရီ ၄၅မိနစ်တွင် လေယာဉ်ပေါ်မှဆင်းသက်လာကြရာ လေယာဉ်လေ့ကားထိပ်မှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အောင်ပွဲရမြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့အား တပ်မတော်မိသားစုများက ပန်းကုံးများစွပ်၍လည်းကောင်း၊ ပန်းစည်းများကမ်းလှမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့အားကစားလောကအတွက် တပ်မတော်မှ ထူးချွန်ထက်မြက်သော အားကစားသမားများကို မွေးထုတ်ပေးခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း၊ ယခုပထမဦးဆုံးအကြိမ် ယှဉ်ပြိုင်သည့် ပြိုင်ပွဲမှအောင်မြင်မှုရသည်များကို ဆက်လက်ထိန်းသိမ်းပြီး နောက်နှစ်များတွင် ပိုမိုအောင်မြင်မှုရရှိရေးအတွက် အားနည်းချက်အားသာချက်များကို ပြန်လည်သုံးသပ်ကာ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စင်ကာပူသမ္မတနိုင်ငံ၌ကျင်းပခဲ့သည့် Singapore Army Half ˚˚Marathon-2006 ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရမြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အာဖရိက အိပ်ချင်ဖျားရောဂါ ကုသနိုင်မည့် နည်းလမ်းတွေ့ရှိ

ဆိုးလ် ဩဂုတ် ၂၉

အာဖရိကအိပ်ချင်ဖျားရောဂါ (Sleeping Sickness) နှင့် အခြားကပ်ပါးရောဂါများကို ကုသနိုင်မည့် နည်းလမ်းသစ်ကို တောင်ကိုရီးယားသိပ္ပံပညာရှင် လီဆိုဟီးက ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ဩဂုတ်၂၈ရက်ထုတ် ကိုရီးယားတိုင်းသတင်းစာက ရေးသားဖော်ပြခဲ့သည်။

အသက် (၂၇) နှစ်အရွယ်ရှိ သိပ္ပံပညာရှင်လီသည် ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ

စာမျက်နှာ ၉ ကော်လံ ၇ သို့ ❐

အ င် တ ာ န က် သ တ င် း



အာဖရိက အိပ်ချင်ဖျားရောဂါပိုးကို သယ်ဆောင်သော စီစီယင်ကောင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မုန်တိုင်းငယ် ဩရိဿကမ်းခြေကို ပူရီမြို့ အနီးမှဖြတ်ကျော်ဝင်ရောက်

ရန်ကုန် ဩဂုတ် ၂၉

ယနေ့ မြန်မာစံတော်ချိန် ညနေ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ပူရီ (Puri) မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)